# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်၊ ၂၀၀၇ ခုနှစ်၊ မတ် ၁၆ ရက်၊ သောကြာနေ့၊ အတွဲ(၄၆)၊ အမှတ်(၁၆၇)


**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

# ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ် ထိရောက်အောင်မြင်ရေး အကောင်အထည်ဖော် ခြံစည်းရိုးကြက်ဆူပင် တိုးချဲ့စိုက်ပျိုးကြရေး ဒေသခံပြည်သူများအား စည်းရုံး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကသာမြို့ ပြည်သူ့ဆေးရုံကြီးတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

**နေပြည်တော် မတ် ၁၅**

စစ်ကိုင်းတိုင်း ကသာမြို့တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူပုဂ္ဂိုလ်များ လိုက်ပါလျက် မတ် ၁၂ ရက် နံနက်ပိုင်းက ကသာမြို့ရှိ နယ်မြေခံတပ်ရင်း အောင်တံခွန်ခန်းမတွင် ကသာတပ်နယ်ရှိ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ၊ စစ်သည် မိသားစုဝင်များအားတွေ့ဆုံ၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်ကြီး အေးချမ်းသာယာဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတာဝန်များကို တိုင်းရင်းသားပြည်သူများနှင့်အတူ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး၊ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် ထိရောက်အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ကြရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရေး၊ ခြံစည်းရိုး ကြက်ဆူနှင့် နှစ်ရှည်သီးနှံများစိုက်ပျိုးရေးတို့ကို မှာကြားကာ တက်ရောက်လာကြသူများအား ရှင်းရှင်းနီးနီး နှုတ်ဆက်သည်။

**စာမျက်နှာ ၃ ကော်လံ ၁** ●

# ရှမ်းပြည်နယ်(အရှေ့ပိုင်း)နွေစပါးမြေသြဇာကြဲပက်ပွဲနှင့် ပေါင်းလိုက်တမန်းနှိုးပွဲ ကျင်းပ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တက်ရောက်အားပေး

**နေပြည်တော် မတ် ၁၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံ မြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် မတ် ၁၄ ရက် နံနက် ၈ နာရီက မော်တော်ယာဉ်များဖြင့် ကျိုင်းတုံ–မိုင်းဆတ်လမ်းအတိုင်း ထွက်ခွာလာရာ ကျိုင်းတုံမြို့နယ် ဟက်ဟိုင်းကျေးရွာ တောင်သူ ဦးဆီဝန်း၏ နွေစပါးဧက ၃ ဒသမ ၀၁ ဧကၡ ကျင်းပသည့် နွေစပါး စုပေါင်းမြေသြဇာကြဲပက်ပွဲနှင့် ပေါင်းလိုက်တမန်းနှိုးပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

**စာမျက်နှာ ၇ ကော်လံ ၅** ❐

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ကျိုင်းတုံမြို့နယ် ဟက်ဟိုင်းကျေးရွာ နွေစပါး စုပေါင်းမြေသြဇာ ကြဲပက်ပွဲနှင့် ပေါင်းလိုက် တမန်းနှိုးပွဲကို တက်ရောက်အားပေးကြည့်ရှုစဉ်။ (သတင်းစဉ်)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ မတ်လ ၁၆ ရက်)

# လူ့အခွင့်အရေးနှင့်ပတ်သက်သည့် တစ်ဖက်စောင်းနင်းလုပ်ရပ် ကမ္ဘာ့နိုင်ငံအသီးသီးက ပိုမိုသိမြင်သဘောပေါက်လာ

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့တာဝန်ယူခဲ့ရချိန်မှစ၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အခြေခံ လူ့အခွင့်အရေး တိုးမြှင့်ရရှိရေးအတွက် အစွမ်းကုန် ကြိုးပမ်းဖော်ဆောင်ပေးလျက်ရှိသည်။ တိုင်းရင်းသား လူမျိုးများ အများစုနေထိုင်ရာ နယ်စပ်ဒေသများအပါအဝင် နိုင်ငံတစ်ဝန်းလုံးတွင် ဘက်စုံဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများရရှိလာပြီး တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လူမှုစီးပွား ဘဝ မြင့်မားတိုးတက် လာလျက်ရှိသည်။

မြန်မာနိုင်ငံသည် လူ့အခွင့်အရေးကောင်စီကို ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဌာနခွဲ တစ်ခုအဖြစ် တည်ထောင်လိုက်ခြင်းကို ထောက်ခံအားပေးခဲ့သည်။ ထိုသို့တည်ထောင်ခြင်းဖြင့် လူ့အခွင့်အရေးကိစ္စများကို ဆောင်ရွက်ရာတွင် တစ်ကမ္ဘာလုံးနှင့်သက်ဆိုင်စေခြင်း၊ ဓမ္မဓိဋ္ဌာန်ကျခြင်းနှင့် လိုရာဆွဲပြီး ထင်ရာစိုင်းမှု ကင်းရှင်းစေခြင်းအပြင် လိုတစ်မျိုး၊ မလိုတစ်မျိုး စံနှုန်းနှစ်မျိုးထားမှုနှင့် နိုင်ငံရေးသဘော သက်ဝင်စေမှုတို့ကို ပပျောက်စေရန်လည်း အာမခံနိုင်လိမ့်မည်ဟု မျှော်လင့်ထားသည်။

ထိုမျှော်လင့်ချက်များနှင့်အညီ တစ်ကမ္ဘာလုံးစုပေါင်း၍ ဓမ္မဓိဋ္ဌာန်ကျသည့် ခိုင်လုံသော သတင်းအချက်အလက်များအပေါ်မူတည်ပြီး လူ့အခွင့်အရေးကောင်စီ၏ ရည်မှန်းချက်အတိုင်း အကောင်အထည်ဖော်နိုင်မည်ဟု မြန်မာနိုင်ငံက အခိုင်အမာ ယုံကြည်လျက်ရှိသည်။

သို့ရာတွင် အမေရိကန်နိုင်ငံသည် မြန်မာနိုင်ငံအပေါ် နိုင်ငံရေးဖိအားပေးရန် လူ့အခွင့်အရေး ကောင်စီကို အသုံးချမည်ဟု အတိအလင်းကြေညာလိုက်သည့်အတွက် မြန်မာနိုင်ငံအပါအဝင်ကမ္ဘာ့ နိုင်ငံများ၏ လူ့အခွင့်အရေးဆိုင်ရာ ယုံကြည်မျှော်လင့်ချက်များနှင့် အခြေခံလူ့အခွင့်အရေးတိုးမြှင့် ရရှိစေရန် အားထုတ်ကြိုးပမ်းမှုများကို ထိပါးချိုးဖျက်လိုက်ခြင်းသကဲ့သို့ဖြစ်နေပေသည်။

အမေရိကန်အစိုးရ၏ ရည်မှန်းကြိုးပမ်းနေမှုများသည် လူ့အခွင့်အရေးကို မြှင့်တင်လို၍ မဟုတ်ဘဲ မြန်မာနိုင်ငံအပေါ် နိုင်ငံရေးအရ ဖိအားပေးရေးသာ ဖြစ်သည်။

မြန်မာနိုင်ငံအစိုးရနှင့်ပြည်သူတို့လက်တွဲဖော်ဆောင်ခဲ့သည့် ဖွံ့ဖြိုးတိုးတက်မှု အခြေခံ ကောင်းများကို မျက်ကွယ်ပြုပြီး မဟုတ်မမှန်လုပ်ကြံစွပ်စွဲမှုများဖြင့် မြန်မာနိုင်ငံအရေးကိစ္စကို လူ့အခွင့်အရေးကောင်စီ တွင် ဆွေးနွေးရန် ကြိုးပမ်းအားထုတ်နေခြင်းသည် မှန်ကန်၍တရားမျှတသော လုပ်ဆောင်မှုမဟုတ်သဖြင့် စိုးရိမ်ပူပန်ဖွယ်မရှိကြောင်း တွေ့ရှိရသည်။

မြန်မာနိုင်ငံ၏ ပကတိဖြစ်ရပ်မှန်များကို ပိုမိုနားလည် သိရှိလာစေရန်အတွက် လူ့အခွင့်အရေး ကောင်စီအဖွဲ့ဝင်နိုင်ငံများနှင့် ဘက်မလိုက်နိုင်ငံများကို သက်ဆိုင်ရာက သံတမန်ရေးရာ နည်းလမ်း များဖြင့် ရှင်းလင်းဆွေးနွေး အသိပေးလျက်ရှိသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ကမ္ဘာ့နိုင်ငံအသီးသီးက ပိုမိုသိရှိနားလည်လာသည်နှင့်အမျှ ပြည်တွင်းရေး ဝင်ရောက်စွက်ဖက်ရန် တစ်ဖက်စောင်းနင်း ဖိအားပေးလုပ်ဆောင်နေသည့် အမေရိကန်၏ မူမမှန်သော လုပ်ရပ်ကို ပိုမိုသိမြင်သဘောပေါက် နားလည် လာမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၆–၃–၂၀၀၇ (သောကြာနေ့)**

၇:၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅ ဓမ္မဒေသလေးပါးတရားတော် (သီတဂူဆရာတော် အရှင်ဉာဏိဿရ) (အပိုင်း–၁)
၈:၀၅ ကြည်ညိုဖူးမြော် ရှင်ပင်စက္ကိန်းတဲစေတီတော်
၈:၁၅ တေးဂီတအစီအစဉ်
၈:၂၀ Myanmar Video Rhythm
၉:၁၀ မွှေးရနံ့သင်းကြိုင် နံ့သာတိုင်
၉:၂၅ ပြည်တွင်းသတင်းအကျဉ်း
၉:၃၅ တေးဂီတအစီအစဉ်
၉:၄၀ ထူးမြတ်ပူဇော် ပန်းပေါင်းစုံ ဗုဒ္ဓရုပ်ပွားတော်
၉:၅၀ မိုးလေဝသခန့်မှန်းချက်
၉:၅၅ စိတ်ထားဖြူစင်ပါရမီရှင်
၁၀:၁၅ တေးဂီတအစီအစဉ်
၁၀:၂၀ MRTV-4 ကျန်းမာရေးကဏ္ဍ (နွေရာသီတွင် ဖြစ်ပွားတတ်သော ရောဂါများအကြောင်း) (ပါမောက္ခ ဒေါက်တာ ဦးကိုကိုလှနှင့်တွေ့ဆုံခြင်း)
၁၀:၃၅ နိုင်ငံတကာသတင်းအကျဉ်း
၁၀:၄၀ ရွှေစက်တော်ဘေးမဲ့တော
၁၀:၅၀ တေးဂီတအစီအစဉ်
၁၀:၅၅ ၂၀၀၇ ခုနှစ် တိုက်ဂါး–မြန်မာ အပျော်တမ်းဂေါက်ရိုက်ပြိုင်ပွဲ
၁၁:၁၀ ပြည်တွင်းသတင်းအကျဉ်း
၁၁:၂၀ သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး (လူမိုက်နှင့်ကင်း ချမ်းသာခြင်း)
၁၁:၃၀ တေးဂီတအစီအစဉ်
၁၁:၃၅ သဘာဝကပေးတဲ့ အကျိုးအာနိသင်
၁၁:၅၅ နိုင်ငံတကာသတင်းအကျဉ်း
၁၂:၀၀ ACTIVITIES IN THE CITY
၁၂:၁၀ တေးဂီတအစီအစဉ်
၁၂:၁၅ အဆင့်မီ ရော်ဘာဖူးဆက်ပျိုးပင်ရရှိရေး
၁၂:၂၅ တေးဂီတအစီအစဉ်
၁၂:၃၀ နာတာရှည်ကျောက်ကပ်အလုပ် မလုပ် (သို့) အားနည်းရောဂါ အကြောင်း (ဒေါက်တာခင်မောင်ဌေး)
၁:၀၀ MRTV-4 အပိတ် Logo

**အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

## မြဝတီရုပ်မြင်သံကြား

**၁၆–၃–၂၀၀၇ (သောကြာနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၂၅ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၂၀ ၁၁။ မိုးလေဝသသတင်း
၆:၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅ ၁၃။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၆:၄၀ ၁၄။ လျှပ်တစ်ပြက်
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံစဉ်မဲ့မေတ္တာ** (အပိုင်း–၁၇)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ စိုက်ပျိုးသုတ
၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရွှေမင်းသမီး** (ဒုတိယတွဲ) (အပိုင်း–၂၉)

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း တပ်ကုန်းနှင့်ကျောက်ဆည်မြို့နယ်၌ အသင်းအလုပ်အမှုဆောင်များနှင့် တွေ့ဆုံ

## အလှူငွေနှင့်ဆေးဝါးပစ္စည်းများ ထောက်ပံ့ပေးအပ်

ရန်ကုန် မတ် ၁၅

**မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းနှင့် အတွင်းရေးမှူး ဒေါက်တာ ဒေါ်ဝေဝေသာတို့သည် မတ် ၇ရက် နံနက် ၉နာရီခွဲက တပ်ကုန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံး၌ မြို့နယ်အသင်း အလုပ်အမှုဆောင်များ၊ သားဖွားခန်း ကြီးကြပ်မှုကော်မတီဝင်များနှင့် တွေ့ဆုံလျက် မြို့နယ်အသင်း၏ ဆောင်ရွက်ချက်များ၊ သားဖွားခန်း၌ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၊ PMCT ကိုယ်ဝန်ဆောင်မိခင်မှ သန္ဓေသားသို့ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကူးစက်မှုတားဆီးရေး စီမံချက်လုပ်ငန်းနှင့်ပတ်သက်၍ ဆွေးနွေးမှာကြားပြီး မွေးဖွားလျက်ရှိသော ကိုယ်ဝန်ဆောင်မိခင်များအား ကြည့်ရှု၍ ထောက်ပံ့ငွေနှင့် အနီးပိတ်များ ပေးအပ်ကြသည်။**

### ကြိုဆိုနှုတ်ခွန်းဆက်စကား

ထို့နောက် ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း နှင့်အဖွဲ့သည် ကျောက်ဆည်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းရုံး၌ တိုင်း၊ ခရိုင်ကြီးကြပ်ရေး အဖွဲ့ဝင်များ၊ မြို့နယ်၊ ရပ်ကွက် အသင်းခွဲများမှ အလုပ်အမှုဆောင်များ၊ သားဖွားခန်း ကြီးကြပ်မှုကော်မတီဝင်များနှင့် တွေ့ဆုံရာ ရှေးဦးစွာ မန္တလေးတိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက အမှာစကားပြောကြားပြီး တာဝန်ရှိသူများက အသင်းလုပ်ငန်းဆောင်ရွက်မှုများ၊ သားဖွားခန်းတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် PMCT စီမံချက်ကို လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

### ပေးအပ်လှူဒါန်း

ယင်းနောက် ကျောက်ဆည်မြို့နယ်ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် ယင်လုံအိမ်သာသုံး ဆက်စပ်ပစ္စည်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝတ်စုံနှင့်မွေးလမ်းကြောင်းဆိုင်ရာအမျိုးသမီးရောဂါ ဝေဒနာရှင်များအတွက် ခွဲစိတ်ကုသရန် မတည်ငွေကို ပေးအပ်လှူဒါန်းရာ**(အပေါ်ယာပုံ)** မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့်ဆေးရုံအုပ်ကြီးတို့ကလက်ခံကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာ ဒေါ်ဝေဝေသာက အနီးပိတ်များနှင့် လက်ကမ်းစာစောင်များ ကိုလည်းကောင်း၊ မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက သားဖွားခန်းအတွက် Clean Delivery Kit များကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌဒေါ်ဝင်းမေက လက်ခံသည်။ ထို့နောက် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် သားဖွားခန်းအတွင်း လှည့်လည်ကြည့်ရှု၍ ကိုယ်ဝန်ဆောင် မိခင်များအတွက် အားဆေးနှင့် အာဟာရပြည့်အစားအစာများ၊ မွေးဖွားပြီးလူနာများအတွက် အနီးပိတ်စနှင့် ထောက်ပံ့ငွေများကို ပေးအပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းနှင့် အဖွဲ့ဝင်များသည် မဟာအောင်မြေမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ ရွှေဘုန်းရှိန် သားဖွားခန်းသို့ ရောက်ရှိပြီး မွေးဖွားပြီး လူနာများနှင့် ကိုယ်ဝန်ဆောင်မိခင်များအတွက် အာဟာရပြည့် အစားအစာများကို ထောက်ပံ့ ပေးအပ်သည်။ သားဖွားခန်းတာဝန်ခံ ဒေါက်တာ ဌေးမြင့်က အသင်းပိုင် သားဖွားခန်းတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် PMCT စီမံချက်ကို ရှင်းလင်းတင်ပြပြီး ဥက္ကဋ္ဌက လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပညာသင်ထောက်ပံ့ကြေး ပေးအပ်

**ရန်ကုန် မတ် ၁၅**

ပခုက္ကူဦးအုံးဖေလှူဒါန်းသည့် တက္ကသိုလ်၊ ကောလိပ်ကျောင်းသား ကျောင်းသူများ ပညာသင်ထောက်ပံ့ရေး ရန်ပုံငွေစီမံခန့်ခွဲရေးအဖွဲ့၏ ၂၀၀၅–၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်၊ ကောလိပ်၊ ကျောင်းသားကျောင်းသူ ၅၂ ဦး တို့အား တစ်ဦးလျှင်ငွေကျပ် ၁၀၀၀၀စီဖြင့် ပညာသင်ထောက်ပံ့ကြေး စုစုပေါင်း ငွေကျပ် ၅၂၀၀၀၀ ပေးအပ်ပွဲကို မတ် ၁၁ ရက် နံနက် ၉ နာရီက ပခုက္ကူမြို့အမှတ် (၃)အခြေခံ ပညာအလယ်တန်းကျောင်း သီတာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင် ပခုက္ကူ ဦးအုံးဖေနှင့် ရန်ပုံငွေစီမံခန့်ခွဲရေးအဖွဲ့ အတွင်းရေးမှူး မြို့နယ်ပညာရေးမှူး ဦးသောင်းဆွေတို့က အမှာစကားပြောကြား ကြပြီး ပခုက္ကူခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအေးဖေက ရန်ပုံငွေအဖွဲ့ကိုယ်စား ပညာသင်ထောက်ပံ့ကြေးကို ပေးအပ်ရာ ကျောင်းသားကျောင်းသူ ၅၂ ဦးကိုယ်စား ပခုက္ကူတက္ကသိုလ် ဘူမိဗေဒနောက်ဆုံးနှစ် ကျောင်းသားမောင်အောင်သိုက်က လက်ခံရယူကြောင်းသိရသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း ကချင်ပြည်နယ်တွင် အလှူငွေနှင့် ဆေးဝါးပစ္စည်းများ ထောက်ပံ့ပေးအပ်

ရန်ကုန် မတ် ၁၅

**မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းနှင့် အတွင်းရေးမှူး ဒေါက်တာ ဒေါ်ဝေဝေသာတို့သည် မတ် ၈ ရက်က မြစ်ကြီးနားမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ သွားရောက်ကြပြီး သားဖွားဆောင်နှင့်ကလေးကုသဆောင်တို့၌ လူနာများအား ကြည့်ရှုအားပေး၍ ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ပေးအပ်ကြသည်။ ယင်းနောက် ဆေးရုံကြီးခန်းမ၌ကျင်းပသော အလှူငွေပေးအပ်ပွဲတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ငွေကျပ်သုံးသိန်းကို အသင်းဥက္ကဋ္ဌကလည်းကောင်း၊ ချုပ်စက်ဝယ်ယူရန် အလှူငွေကျပ် ၁၈ သိန်းကို ကချင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်နုနုဆွေကလည်းကောင်း ပေးအပ်ကြရာ ဆေးရုံအုပ်ကြီးက လက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။**

**မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း ဗန်းမော်မြို့ ဘိုးဘွားရိပ်သာတွင် ဘိုးဘွားများအား လှူဖွယ်ပစ္စည်းများနှင့် ထောက်ပံ့ငွေများကို ပေးအပ်လှူဒါန်းစဉ်။**(မိခင်/ကလေး)

## ကျေးလက်ဒေသအထိ

ဆက်လက်၍ အသင်းဥက္ကဋ္ဌသည် ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ရုံးသို့ရောက်ရှိပြီး ပြည်နယ်နှင့် ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အလုပ်အမှုဆောင်များအား တွေ့ဆုံ၍ အသင်းကြီး၏ လုပ်ငန်း ဆောင်ရွက်နေမှုများသည် ပြည်သူလူထုတစ်ရပ်လုံးကို လူမျိုး ဘာသာ မခွဲခြားဘဲ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးတိုးတက်မြင့်မားရန် အခြား လူမှုရေးအသင်းအဖွဲ့များနှင့် အတူ ပူပေါင်း၍ ကျေးလက်ဒေသအထိ ရောက်ရှိအောင် ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းရုံးသို့သွားရောက်ပြီး အသင်းရုံး၌ အသင်းဥက္ကဋ္ဌက ငွေကျပ် ၅၆ သိန်း တန်ဖိုးရှိ ဆေးနှင့် ဆေးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက လက်ခံသည်။ ဆက်လက်၍ အသင်း အတွင်းရေးမှူး ဒေါက်တာ ဒေါ်ဝေဝေသာက ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် ယင်လုံအိမ်သာ ဆောက်လုပ်ရေးအထောက်အကူပြု ပစ္စည်းများကို ပေးအပ်ရာ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါက်တာ မြင့်မြင့်သန်းက လက်ခံသည်။ ထို့အပြင် နာတာရှည် လူနာများအားလည်း ထောက်ပံ့ငွေနှင့် အာဟာရ အစားအစာများကို ပေးအပ်သည်။ ယင်းနောက် အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အသင်းပိုင်သားဖွားခန်းကို လှည့်လည်ကြည့်ရှုကြပြီး မိဘမဲ့ကလေး ပြုစုစောင့်ရှောက်ရေး ကျောင်းများသို့ သွားရောက်ပြီး အလှူငွေနှင့် ဆန်၊ ဆီများကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

အသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းနှင့် အဖွဲ့ဝင်များသည် မတ် ၉ ရက်က မြစ်ကြီးနားမြို့ တပ်နယ် မူလတန်းကြို ကျောင်းသို့ သွားရောက်၍ ကလေးငယ်များအား ကစားစရာ အရုပ်များကို ပေးအပ်ပြီး အသင်း၏ စက်ချုပ် သင်တန်းသို့လည်း သွားရောက်ကြည့်ရှုအားပေးခဲ့ကြသည်။ ယင်းနောက် အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် သီလရှင်ကျောင်းနှင့် ပရဟိတကျောင်းတို့သို့ သွားရောက်ပြီး ဆန်၊ ဆီနှင့်အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

## လက်ခံ

အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မတ် ၁၀ ရက်တွင် အင်ဂျန်းယန်မြို့သို့ရောက်ရှိပြီး မြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းနှင့် အသင်းခွဲများ၏ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံ၍ အသင်း၏ လုပ်ငန်းများကို မှာကြားပြီး ပညာပေး လက်ကမ်းစာစောင်များကို ပေးအပ်သည်။

ထို့နောက် အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဗန်းမော်မြို့သို့ရောက်ရှိကြပြီး သူနာပြု သင်တန်းကျောင်း ခန်းမ၌ ကျင်းပသော မိခင်ရင်သွေး ကျန်းမာရေးရိပ်မြုံစီမံချက်ကို အသိပေးရှင်းလင်းခြင်းနှင့် ထောက်ပံ့ငွေ ပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်ကြသည်။ ရှေးဦးစွာ ဗန်းမော်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး အသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အသင်း အတွင်းရေးမှူး ဒေါက်တာ ဒေါ်ဝေဝေသာက စီမံချက် လုပ်ငန်းကို ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် UNFPA တို့ ပူးပေါင်းဆောင်ရွက်သည့် မိခင်ရင်သွေး ကျန်းမာရေးရိပ်မြုံ ဖွင့်လှစ်နိုင်ရေး အတွက် ပံ့ပိုးငွေကျပ် သိန်းငါးဆယ်ကို အသင်းဥက္ကဋ္ဌက ပေးအပ်ရာ ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့မှ ဥက္ကဋ္ဌက လက်ခံသည်။

ယင်းနောက် အသင်း အတွင်းရေးမှူးက မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ထောက်ပံ့သော စက်ဘီးနှစ်စီးနှင့် လက်ကမ်းစာစောင်များကို ပေးအပ်ရာ ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာခင်မောင်ဝင်းက လက်ခံပြီး ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြောကြားသည်။

## ဘိုးဘွားရိပ်သာ

ထို့နောက် အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မိခင်ရင်သွေးကျန်းမာရေး ရိပ်မြုံဆောက်လုပ်မည့်နေရာကို ကြည့်ရှုကြပြီး ဗန်းမော်မြို့ ဘိုးဘွားရိပ်သာသို့ သွားရောက်၍ ဗန်းမော်ခရိုင် ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများက ဘိုးဘွားများအား ကျန်းမာရေး စောင့်ရှောက်ကုသပေးနေမှုကို ကြည့်ရှုအားပေးကြကာ လှူဖွယ်ပစ္စည်းများနှင့် ထောက်ပံ့ငွေများဖြင့် ကန်တော့၍ ညနေစာ အာဟာရကျွေးမွေးကြသည်။ ယင်းနောက် အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဗန်းမော်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း သားဖွားခန်းသို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်–

| | **အမည်၊ရာထူး၊ဌာန** | **ခန့်ထားသည့်ရာထူး၊ဌာန** |
|---|---|---|
| (က) | ဗိုလ်မှူးကြီးခင်စိုး<br>ကာကွယ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန<br>အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန |
| (ခ) | ဗိုလ်မှူးကြီးရန်နိုင်ဦး<br>ကာကွယ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အနုပညာဦးစီးဌာန<br>ယဉ်ကျေးမှုဝန်ကြီးဌာန |

## ● ရှေ့ဖုံးမှ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နယ်မြေခံတပ်ရင်း၏ ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးခြံ(၁)၌ ခြံစည်းရိုးကြက်ဆူ အစေ့ပျိုးပင် ၂၅၀၀၀ နှင့် ကိုင်းပျိုးပင် ၅၀၀၀ ပျိုးထောင်ထားရှိမှုများကိုလည်းကောင်း၊ ကြက်မွေးမြူရေးခြံ၌ နီဂိုဂရောင်းအမျိုးအစား မွေးမြူရေးကြက်ကောင်ရေ ၄၈၀ ကျော် မွေးမြူထားရှိမှုနှင့် ကြက်ဥရရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်ရင်းရှိ ခြံစည်းရိုးကြက်ဆူ ပျိုးခြံ(၂)၌ကျင်းပသည့် စုပေါင်းခြံစည်းရိုးကြက်ဆူစိုက်ပျိုးပွဲကို တက်ရောက်အားပေးကြပြီး ခြံစည်းရိုးကြက်ဆူ အကိုင်းပျိုးပင်များကို စိုက်ပျိုးပေးကြသည်။

### မှာကြား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကသာမြို့ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ခေတ္တ ဆေးရုံအုပ်ကြီး ဒေါက်တာသီတာရီနှင့် အထူးကုဆရာဝန်များ၊ ဆရာဝန်များနှင့် သူနာပြုများ၊ ဆေးရုံတွင် လက်တွေ့လေ့လာဆည်းပူးနေသော ဆေးတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဆေးရုံရှိ ခွဲစိတ်ခန်းအမှတ်(၁)နှင့် (၂)၊ ခွဲစိတ်လူနာကုသဆောင်၊ ဓာတ်မှန်ခန်း၊ ဆေးသိုလှောင်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လူနာများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကာ ထောက်ပံ့ငွေများပေးအပ်သည်။ ဆက်လက်၍ ပြင်ပလူနာဆောင်ရှိ သွားဘက်ဆိုင်ရာကုသခန်းနှင့် သွားဘက်ဆိုင်ရာ ကုသရေးကိရိယာများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နံနက် ၁၀ နာရီတွင် ကသာမြို့ လမ်းမတော်လမ်းရှိ ရောရွှေလီအားကစားခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ မှာကြားသည်။

### ရှင်းလင်းတင်ပြ

ရှေးဦးစွာ ကသာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝေက ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး မြို့နယ်ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက မြို့နယ်များအလိုက် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆောင်ရွက်မှုအခြေအနေများကို အသီးသီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သာအေးက စစ်ကိုင်းတိုင်းအတွင်း ရော်ဘာစိုက်ပျိုးရေးနှင့်စပ်လျဉ်း၍ မြို့နယ်များနှင့် ဌာနဆိုင်ရာများ၏ တင်ပြချက်များအပေါ် ဖြည့်စွက်ရှင်းလင်းတင်ပြပြီး မြို့မိမြို့ဖများက ဒေသဆိုင်ရာ လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြသည်။

### ပိုမိုတိုးတက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့မှ ကချင်ပြည်နယ် မြစ်ကြီးနားမြို့အထိ ဆက်သွယ်ဖောက်လုပ်ထားသော ခရိုင်ချင်းဆက် လမ်းအမှတ်(၃)အား လာရောက်ကြည့်ရှုစစ်ဆေးရင်း လမ်းတစ်လျှောက်ရှိ ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း ဒေသတွင် တာဝန်ထမ်းဆောင်နေကြသည့် ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများနှင့် ဌာနဆိုင်ရာများသည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို ပို၍ပို၍တိုးတက်အောင် ဆက်လက်ဆောင်ရွက်သွားနိုင်ရေး စီမံလုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ် ထိရောက်အောင်မြင်ရေး၊ ဇီဝလောင်စာဆီဖြင့် လယ်ယာသုံးစက်ကိရိယာများ၊ ကျေးလက်ဒေသ မီးလင်းရေးအစီအမံများ ဖြည့်ဆည်းဆောင်ရွက်သွားနိုင်ရေးအတွက် ခြံစည်းရိုးကြက်ဆူကို ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့စိုက်ပျိုးကြရေး ဒေသခံပြည်သူများအား စည်းရုံးဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် မှာကြားသည်။

### တင်ပြ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကသာဘူတာမှ သံလမ်းပြေးကားရထားဖြင့် ကသာ–နဘား မီးရထားလမ်းအတိုင်း ဆက်လက်ထွက်ခွာကြရာ နံနက် ၁၁ နာရီ ၃၅ မိနစ်တွင် ကသာ–အင်းတော်ကားလမ်းပေါ်ရှိ လမ်းခွကျေးရွာသို့ ရောက်ရှိကြပြီး ကျေးရွာ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

### ကျော်လွန်စိုက်ပျိုး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကသာ–အင်းတော်ကားလမ်းအတိုင်း ကသာမြို့ဘက်သို့ ထွက်ခွာကြရာ မိုင်တိုင်အမှတ်(၄/၄)ရှိ စစ်ကိုင်းတိုင်း ခြံစည်းရိုးကြက်ဆူစိုက်ပျိုးရေး အထူးဇုန်အမှတ်(၅)သို့ ရောက်ရှိကြပြီး ရှင်းလင်းဆောင်၌ ကသာခရိုင်ဥက္ကဋ္ဌ ဦးလှဝေက ခရိုင်အနေဖြင့် ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က သတ်မှတ်ပေးထားသည့် ဧကထက် ကျော်လွန်အောင် စိုက်ပျိုးရေး မှာကြားသည်။

### ပျိုးထောင်ပေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ ကသာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ငါးဧက ရော်ဘာစိုက်ပျိုးရေးခြံသို့ရောက်ရှိ ကြည့်ရှုစစ်ဆေးပြီး ကသာမြို့ ရပ်ကွက် ၉ တွင် ကျင်းပသည့် ခြံစည်းရိုးကြက်ဆူ စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်အားပေးသည်။ ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ခြံစည်းရိုးကြက်ဆူစေ့နှင့် အကိုင်းများကို ပျိုးထောင်ပေးပြီး တိုင်းမှူးက အစေ့နှင့် အကိုင်းများကို ပျိုးထောင်ပေးသည်။ ယင်းနောက် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက ခြံစည်းရိုးကြက်ဆူအကိုင်းများကို ပျိုးထောင်ကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပျိုးခြံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ ကသာမြို့၌ ညအိပ်ရပ်နားကြသည်။

### ညှိနှိုင်းဆွေးနွေး

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မတ် ၁၃ ရက် နံနက် ၆ နာရီခွဲတွင် ကသာမြို့ နယ်မြေခံတပ်ရင်း ဧည့်ရိပ်သာ၌ စစ်ကိုင်းတိုင်းမှ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ မြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ စစ်ကိုင်းတိုင်းခရီးစဉ်တွင် တိုင်းအတွင်း ဆက်လက်ဆောင်ရွက်ရန် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ပြန်လည်ညှိနှိုင်း ဆွေးနွေးသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်သာအေးက စစ်ကိုင်းတိုင်းခရီးစဉ်အတွင်း ခရိုင်ချင်းဆက် လမ်းအမှတ်(၃)၏ ရွှေဘိုခရိုင်အပိုင်းနှင့် ကသာခရိုင်အပိုင်းတို့တွင် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအတွက် စီစဉ်ထားရှိမှုအခြေအနေ၊ တိုင်းအတွင်း ဆည်ငယ်များ၊ စိုက်ပျိုးရေး၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများတွင် ဆက်လက်ဆောင်ရွက်သွားရမည့် လုပ်ငန်းအစီအစဉ်များနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး မိမိတို့ ကဏ္ဍအလိုက် ဆောင်ရွက်ရန်ရှိသည်များကို ဖိဖိစီးစီးဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

## တရုတ်နှင့် သီရိလင်္ကာ ရေနက်ဆိပ်ကမ်းတည်ဆောက်ရေးသဘောတူညီ

ကိုလံဘို မတ် ၁၅

**သီရိလင်္ကာနိုင်ငံတောင်ပိုင်းတွင် ရေနက်ဆိပ်ကမ်းတစ်ခု တည်ဆောက်ရေးအတွက် တရုတ်ကုမ္ပဏီနှစ်ခုနှင့် သီရိလင်္ကာအစိုးရတို့ မတ် ၁၂ရက်က သဘောတူလက်မှတ်ရေးထိုးလိုက်ကြပြီ ဖြစ်သည်။**

တရုတ်နိုင်ငံ ဟာဘောအင်ဂျင်နီယာကုမ္ပဏီလီမိတက်နှင့် စီနိုဟိုက်ဒရိုလုပ်ငန်းတို့မှ ကိုယ်စားလှယ်များနှင့် သီရိလင်္ကာနိုင်ငံ ဆိပ်ကမ်း အာဏာပိုင်တို့က အဆိုပါရေနက် ဆိပ်ကမ်း တည်ဆောက်ရေးကို သဘောတူလက်မှတ်ရေးထိုးခဲ့ကြခြင်း ဖြစ်သည်။

**ရင်းနှီးမြှုပ်နှံ**

အဆိုပါရေနက်ဆိပ်ကမ်း တည်ဆောက်ရေးစီမံကိန်းကို အမေရိကန်ဒေါ်လာသန်း ၃၆၀ရင်းနှီးမြှုပ်နှံတည်ဆောက်မည်ဖြစ်ပြီး တည်ဆောက်ရေးလုပ်ငန်းများကို သုံးလအတွင်း စတင်မည်ဖြစ်သည်။

ထို ရေနက်ဆိပ်ကမ်း တည်ဆောက်မှုအတွက် အလုပ်သမား ၆၀၀၀ လိုအပ်မည်ဖြစ်ပြီး တိုက်ရိုက်မဟုတ်သော အလုပ်အကိုင် ၅၀၀၀ လည်းရရှိမည်ဖြစ်သည်။

ပထမဆုံးအနေဖြင့် မီတာ ၃၀၀ ရှည်သော ဆိပ်ခံဗောတံတားတစ်ခု တည်ဆောက်မည်ဖြစ်ပြီး ထပ်မံ၍ တစ်နှစ်လျှင် ကွန်တိန်နာအလုံးသန်း ၂၀ လက်ခံလွှဲပြောင်းနိုင်မည့် ဆိပ်ကမ်းတစ်ခုကိုလည်း တည်ဆောက်သွားမည်ဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

## စနေဂြိုဟ်၏ ဂြိုဟ်ပတ်လ ပြောင်းလဲမှု သိပ္ပံပညာရှင်များတွေ့ရှိ

ဟူစတန် မတ် ၁၅

**စနေဂြိုဟ်၏ဂြိုဟ်ပတ်လဖြစ်သည့် အင်စီလာဒတ်မှ ရေများပန်းထွက်နေမှုမှာ လအဖြစ်ရောက်ရှိပြီး မကြာမီမှာပင် ရေဒီယို သတ္တိကြွပစ္စည်းများ အရည်ပျော်မှုကို ပြန်လည်လမ်းစရှာနိုင်မည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ယူဆသည်။**

စနေဂြိုဟ်၏ ဂြိုဟ်ပတ်လ ဖြစ်သည့် အင်စီလာဒတ် မျက်နှာပြင်ကို မတ်၁၃ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အင်စီလာဒတ်လ၏ တောင်ဝင်ရိုးစွန်းရှိ ရေပူစမ်းများမှ ရေများပန်းထွက်နေသည်ကို ၂၀၀၅ခုနှစ်တွင်တွေ့ရသဖြင့် သိပ္ပံပညာရှင်များ အံ့အားသင့်ကုန်သည်။

**ထုတ်ပေးနေ**

ရေများပန်းထွက် နိုင်လောက်အောင် ဤမျှသေးငယ်ပြီး ရေခဲများဖုံးသည့်လက မည်သို့သော အပူကို လုံလောက်စွာ ထုတ်ပေးနေသည်ကိုမူ ပညာရှင်များ သိလိုသည်။

၁၉၈၀ ပြည့်လွန်နှစ်များက လေ့လာတွေ့ရှိချက်အရ ယင်းလ၏ မျက်နှာပြင်မှာ ချိုင့်ခွက်များဖြင့် ပြည့်နှက်နေပြီး ၂၀၀၅ ခုနှစ်တွင် လ၏မျက်နှာပြင် ချောမွေ့နေပြန်သဖြင့် အချိန်တိုအတွင်း မည်သို့ပြောင်းလဲသည်ကိုလည်း ဆက်လက် စူးစမ်းရှာဖွေမည်ဖြစ်သည်။ **(အင်တာနက်)**

## ဂျမ်ဘိုလေယာဉ်ကြီးများ ကိုယ်ပိုင်ထုတ်လုပ်ရေး တရုတ်ကျွမ်းကျင်သူများ ပြင်ဆင်ကြိုးပမ်းနေ

**ပေကျင်း မတ် ၁၅**

တရုတ်နိုင်ငံ၏ စိတ်ကူးယဉ် အိပ်မက်ဖြစ်သည့် ဂျမ်ဘိုခရီးသည်လေယာဉ်ကြီးများ ထုတ်လုပ်ရေးသည် အစစအရာရာအဆင်ပြေချောမွေ့ခဲ့လျှင် ၂၀၂၀ပြည့်နှစ်တွင် အမှန်တကယ်ဖြစ်လာနိုင်ကြောင်း ကျွမ်းကျင်သူတစ်ဦးက မတ် ၁၂ ရက်တွင် ပြောကြားလိုက်သည်။

မိမိတို့သည် စီးပွားရေးတောင့်တင်းခိုင်မာမှု၊ နည်းပညာတိုးတက်မှုနှင့် ထုတ်လုပ်ရေးအတွေ့အကြုံများက ကြီးမားသော လေယာဉ်ကြီးများ တည်ဆောက်ရေးအတွက် အခြေခံကောင်းများ ဖြစ်လာမည်ဖြစ်ကြောင်း တရုတ်လေကြောင်းလုပ်ငန်းကော်ပိုရေးရှင်းအောက်ရှိ သိပ္ပံနှင့်နည်းပညာဦးစီးဌာန ဒုတိယအကြီးအကဲ ရှူဒါစင်းက ပြောကြားသည်။

**လုပ်ဆောင်**

ယင်းလေယာဉ်ကြီးများ ထုတ်လုပ်ရေးအတွက် ကောင်းစွာပြင်ဆင်နေပြီဖြစ်ကြောင်း၊ အစိုးရအနေဖြင့် လေယာဉ်ကြီးများ ထုတ်လုပ်ရေးအတွက် စည်းမျဉ်းစည်းကမ်းများ မြန်နိုင်သမျှမြန်ဆန်အောင် ချမှတ်လုပ်ဆောင်သင့်ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

**ကြိုးစားခဲ့**

တရုတ်နိုင်ငံသည် အဲဘတ်စ် လေယာဉ်များထုတ်လုပ်ပြီး နှစ်နှစ်အကြာ ၁၉၇၀ပြည့်နှစ်က ဂျမ်ဘိုလေယာဉ် ထုတ်လုပ်ရန် စတင်ကြိုးစားခဲ့ကြောင်း၊ သို့သော်လည်း ယင်းအစီအစဉ်မှာ နောက်ပိုင်းတွင် ပျက်သွားကြောင်းသိရသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

## အိန္ဒိယနိုင်ငံသည် ကမ္ဘာ့သံမဏိထုတ်လုပ်မှု၌ ခုနစ်နိုင်ငံမြောက် အကြီးမားဆုံးနိုင်ငံဖြစ်လာ

နယူးဒေလီ မတ် ၁၅

**အိန္ဒိယနိုင်ငံ၏ သံမဏိထုတ်လုပ်မှုသည် ၂၀၀၄ခုနှစ်က ကမ္ဘာပေါ်တွင် သံမဏိအများဆုံးထုတ်လုပ်နိုင်သည့် ကိုးနိုင်ငံမြောက်အဖြစ်တည်ရှိခဲ့ပြီး ၂၀၀၆ ခုနှစ်တွင် ခုနစ်နိုင်ငံမြောက် သံမဏိအများဆုံးထုတ်လုပ်သည့် နိုင်ငံဖြစ်လာကြောင်း အိန္ဒိယအစိုးရက မတ် ၁၂ ရက်၌ သတင်းထုတ်ပြန်သည်။**

ဘရပ်ဆဲလ်အခြေစိုက်နိုင်ငံတကာ သံနှင့်သံမဏိသိပ္ပံမှ သုတေသနပြုချက် အရ အိန္ဒိယနိုင်ငံသည် ၂၀၀၆ ခုနှစ်က သံမဏိအရိုင်း တန်ချိန် ၄၄ သန်း ထုတ်လုပ်ခဲ့ရာ ၂၀၀၅ခုနှစ်က ထုတ်လုပ်ခဲ့သော သံမဏိတန်ချိန် ၄၀ ဒသမ ၉ သန်းထက် ၇ ဒသမ ၆ ရာခိုင်နှုန်း ပိုမိုများခဲ့သည်ဟု ဖော်ပြထားကြောင်း အိန္ဒိယနိုင်ငံ သံနှင့် သံမဏိလုပ်ငန်းဝန်ကြီး အက်ခ်ိလက်ဒတ်စ်က ပြောကြားသည်။

**ထုတ်လုပ်**

အိန္ဒိယနိုင်ငံအနေဖြင့် ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ပြည့်နှစ်တို့တွင် သံမဏိထုတ်လုပ်မှုတန်ချိန် နှစ်စဉ် သန်း၁၁၀ အထိ ရောက်ရှိရန် ရည်မှန်းချက်ထားရှိကြောင်း မတ် ၁၂ရက်က ကျင်းပသော ပါလီမန်အစည်းအဝေး၌ အက်ခ်ိလက်ဒတ်စ်က ပြောကြားသည်။

**ပြောကြား**

အိန္ဒိယအစိုးရအနေဖြင့် နိုင်ငံပိုင် သံနှင့်သံမဏိစက်ရုံများ အရည်အသွေးတိုးတက်ပြီး ထုတ်လုပ်မှုစွမ်းအားတိုးတက်အောင် တိုးမြှင့်ဆောင်ရွက်သွားမည်ဟုလည်း ၎င်းက ပြောကြားသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

## ဒေါ်လာ ၂၈ သန်းတန်ဖိုးရှိ စိန်များ ဖောက်ထွင်း အခိုးခံရ

**အန့်ဝပ် (ဘယ်လ်ဂျီယံ) မတ် ၁၅**

ဥရောပ၏ စိန်မြို့တော်ဟု လူသိများသော ဘယ်လ်ဂျီယံနိုင်ငံ အန့်ဝပ်မြို့ရှိ အေဘီအင်န်အမ်ရိုဘဏ်မှ အမေရိကန် ဒေါ်လာ ၂၈သန်းခန့် တန်ဖိုးရှိစိန်များ အခိုးခံရကြောင်း အစိုးရရှေ့နေတစ်ဦးက မတ် ၁၂ ရက်တွင် ပြောကြားသည်။

သူခိုးများသည် အဆိုပါဘဏ်မှ စိန်များကို သော့များအထပ်ထပ်ခတ်ထားသည့်ကြားမှ ဖောက်ထွင်းဝင်ရောက်ယူဆောင်သွားကြောင်း၊ ယင်းစိန်များတွင် သွေးပြီးစိန်အချောထည်များနှင့် မသွေးရသေးသော စိန်များပါဝင်ကြောင်း၊ ယင်းဘဏ်မှ ထိပ်တန်းခေါင်းဆောင်က ခိုးယူသူကို ဖမ်းဆီးနိုင်ရေးသတင်းပေးနိုင်လျှင် ယူရိုနှစ်သိန်းဆုကြေးငွေအဖြစ် ချီးမြှင့်မည်ဖြစ်ကြောင်း အစိုးရရှေ့နေဒေါ်မနစ်ရေးနီယာ့စ်က ရိုက်တာရုပ်မြင်သံကြားသို့ ပြောကြားသည်။

အဆိုပါ ဖောက်ထွင်းခိုးယူမှုသည် မတ် ၅ ရက်က ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော်လည်းရဲတပ်ဖွဲ့က ယခုအထိအများပြည်သူများသို့ သတင်းထုတ်ပြန်ခြင်း မရှိကြောင်း သူမက ဆက်လက်ပြောကြားသည်။

အန့်ဝပ်ဆိပ်ကမ်းမြို့သည် မှတ်ပုံတင်ထားသော စိန်ကုန်သည် ၁၈၀၀ခန့် လာရောက် ရောင်းဝယ်လျက်ရှိကြောင်း၊ ကမ္ဘာ့စိန်ထက်ဝက်ကျော်မှာ ယင်းမြို့၌ အရောင်းအဝယ်ဖြစ်နေပြီး နှစ်စဉ်အမေရိကန်ဒေါ်လာ၂၉ ဘီလီယံဖိုးရောင်းချနေရသည်ဟု ဆိုသည်။ **အမ်အင်န်အေ၊ရိုက်တာ**

## ကမ္ဘာတစ်လွှား ထူးထူးခြားခြား

### သစ်ကုလားအုတ်ပုံကိတ်မုန့်

**သစ်ကုလားအုတ် နှစ်ကောင်ပုံ ပြုလုပ်ထားသော ကိတ်မုန့်ကို တွေ့ရစဉ်။** (ယာပုံ)

တရုတ်နိုင်ငံ ကျင်စုပြည်နယ် စူကျိုမြို့တွင်ရှိသော ကိတ်မုန့်အရောင်းဆိုင်တစ်ဆိုင်၌ တိရစ္ဆာန်ပေါင်းစုံ၏ ပုံသဏ္ဌာန်များအတိုင်း ကိတ်မုန့်များ ပြုလုပ်ရောင်းချလျက်ရှိရာ ကမ္ဘာလှည့်ခရီးသွားများနှင့် စားသုံးသူများကို ဆွဲဆောင်မှုအဖြစ် ပြုလုပ်ခြင်းဖြစ်ကြောင်းသိရသည်။ **(အင်တာနက်)**

### ကမ္ဘာ့အရှည်ဆုံး လက်သည်း

**ကမ္ဘာပေါ်တွင် အရှည်ဆုံး လက်သည်းများကိုတွေ့ရစဉ်။** (ဝဲပုံ)

တရုတ်နိုင်ငံ ဖူကျင်ပြည်နယ် ဖူကျိုမြို့တွင်နေထိုင်သော အသက်(၄၃)နှစ်အရွယ် လီကျင်ပင်းအမည်ရှိ အမျိုးသမီးတစ်ဦး၏ လက်သည်းများမှာ အရှည် ၂၆ စင်တီမီတာရှိကြောင်း ၎င်းလက်သည်းများမှာ ၁၅နှစ်ကြာ မလှီးမဖြတ်ဘဲ ထားရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(အင်တာနက်)**

## တောင်ကိုရီးယားရှိ အင်ချွမ်းအပြည်ပြည်ဆိုင်ရာလေဆိပ် ဝန်ဆောင်မှုအကောင်းဆုံး လေဆိပ်အဖြစ်ခရီးသည်များမဲပေး

**ဂျီနီဗာ မတ် ၁၅**

တောင်ကိုရီးယားနိုင်ငံရှိ အင်ချွမ်းအပြည်ပြည်ဆိုင်ရာလေဆိပ်သည် ကမ္ဘာပေါ်တွင် ခရီးသည်များအား ဝန်ဆောင်မှု အကောင်းဆုံးပေးနိုင်သည့် လေဆိပ်အဖြစ် ခရီးသွားများက မဲဆန္ဒပေးကြကြောင်း ကမ္ဘာ့လေဆိပ်များဆိုင်ရာ အဖွဲ့(အေစီအိုင်)က မတ် ၁၂ရက်က ပြောကြားသည်။

အာရှနိုင်ငံများတွင် လေဆိပ်ဝန်ဆောင်မှုအကောင်းဆုံး လေဆိပ်များမှာဒုတိယ ဟောင်ကောင်၊ တတိယ ကွာလာလမ်ပူ၊ စတုတ္ထ စင်ကာပူတို့ဖြစ်ကြောင်း ဂျီနီဗာမြို့၌ အခြေစိုက်သည့် အပြည်ပြည်ဆိုင်ရာ လေဆိပ်ကောင်စီကပြောကြားသည်။

ဥရောပနိုင်ငံများတွင် ဆွစ်ဇာလန်နိုင်ငံရှိ ဇူးရစ်လေဆိပ်နှင့် မြောက်အမေရိကရှိ ဒဲလ်လက်စ်လေဆိပ်မှာ ထိပ်ဆုံးမှဖြစ်လာသည်။

အဆိုပါလေဆိပ်များသည် ခရီးသွားများအတွက် သန့်ရှင်းမှု၊ လုံခြုံရေးနှင့် ခရီးသွားနားနေဆောင်အတွင်း သက်သောင့်သက်သာ နေထိုင်နိုင်ရေးတို့ကို အကောင်းဆုံး ဆောင်ရွက်ထားမှုရှိကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

**အမ်အင်န်အေ၊ရိုက်တာ**

# ရွှေလီတံတား(နမ့်ခမ်း)တည်ဆောက်ရေးစီမံကိန်း ဝန်ကြီးဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၅

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၁၁ ရက် နံနက်ပိုင်းက မန္တလေး–လားရှိုး–နမ့်ခမ်း–ဗန်းမော်လမ်း မိုင်တိုင်(၃၀၆/၆)ရှိ ရွှေလီမြစ်ကို ဖြတ်ကျော်၍ တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၁၆)က တာဝန်ယူတည်ဆောက်လျက်ရှိသည့် ရွှေလီတံတား (နမ့်ခမ်း) တည်ဆောက်ရေးစီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းကြည်က လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။**

ဝန်ကြီးက လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေးကို ဂရုပြု၍ သတ်မှတ်ချိန်အမီ ပြီးစီးအောင် ဆောင်ရွက်ကြရန် တို့ကို မှာကြား၍ လုပ်ငန်းလိုအပ်ချက်များအပေါ် ပံ့ပိုး ဖြည့်ဆည်းပေးသည်။

**မှာကြား**

ထို့နောက် ဝန်ကြီးသည် စီမံကိန်းလုပ်ငန်းခွင်အတွင်း လှည့်လည်စစ်ဆေးပြီး တာဝန်ရှိသူတို့အား လိုအပ်သည်များကို မှာကြားသည်။

ယခု အသစ်တည်ဆောက်နေသည့် ရွှေလီတံတား (နမ့်ခမ်း) အမျိုးအစားမှာ တံတားအောက်ထည် သံကူကွန်ကရစ် လွန်တူးဘိုးပိုင်အုတ်မြစ်၊ အပေါ်ထည် ဘေလီကြိုးတံတားဖြစ်ပြီး ပင်မကြိုးတံတား အရှည်ပေ ၅၀၀၊ ချဉ်းကပ်တံတား နမ့်ခမ်းဘက်ကမ်း ပေ ၅၀၊ ဗန်းမော်ဘက်ကမ်း ပေ ၅၀ နှင့် စုစုပေါင်း တံတားအရှည် ပေ ၆၀၀ ရှိ၍ နှစ်လမ်းသွား တံတားဖြစ်ပြီး ယာဉ်တစ်စီးချင်း တန် ၆၀ ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ် မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) အနောက်ဘက် တိုးချဲ့မြေ နှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန် အတွက် (သီရိသုဓမ္မ မဏိဇောတရဲ)ဦးရွှေမိုး–ဒေါ်တင်တင် (ရွှေမိုး ပရိဘောဂတိုက်)** မိသားစုက အလှူငွေကျပ် ၁၀ သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့်(ဂမုန်းပွင့်ဘေးလမ်း)အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း ပဓာနနာယက ဦးဆောင်နာယက ဩဝါဒါစရိယ ဗုဒ္ဓဂယာဆရာတော် ဘဒ္ဒန္တ ဉာဏိန္ဒ (အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ) အိန္ဒိယနိုင်ငံ ပရဒေသီ သံဃနာယကအဖွဲ့ဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

# စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေး ကြိုးစားလျက်ရှိ

ရန်ကုန် မတ် ၁၅

**အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် မတ် ၁၂ ရက် နံနက်ပိုင်းက ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်မောင်စိုး၊ အင်ဂျင်နီယာချုပ် ဦးထွန်းအေးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် လှိုင်သာယာစက်မှုဇုန်(၇) ဆိပ်ကမ်းသာလမ်း၌တည်ရှိသော Hein Engineering Co., Ltd.သို့ရောက်ရှိရာ ရှင်းလင်းခန်းမ၌ မန်နေဂျင်းဒါရိုက်တာ ဦးဇာနည်အောင်က Hein Engineering Co., Ltd. က ထုတ်လုပ်သော လျှပ်စစ်ဆိုင်ရာ စက်ကိရိယာများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။**

**အစွမ်းကုန်ကြိုးစားလျက်ရှိ**

ထို့နောက် ဝန်ကြီးက စက်မှုလက်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် လျှပ်စစ်ဓာတ်အား အပြည့်အဝ ရရှိရေးကို အစွမ်းကုန် ကြိုးစားလျက်ရှိကြောင်း ပြောကြားသည်။

**ညှိနှိုင်းဆောင်ရွက်ပေး**

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် စက်ရုံအတွင်းသို့ စက်ပစ္စည်းများထုတ်လုပ်နေမှု အဆင့်ဆင့်ကို ကြည့်ရှုရာ **(အပေါ်ဝဲပုံ)** ပထမဦးစွာ သံပြားကွေးစက်ဖြင့် သံပြားများ ကွေးခြင်း၊ 100% Gas System ဖြင့် လည်ပတ်နေသော Gasifier နှင့် Dual Fuel System ဖြင့် လည်ပတ်နေသော Gasifier များကို ကြည့်ရှုပြီး ကမ္ဘောဒီးယားနိုင်ငံနှင့် မလေးရှားနိုင်ငံများသို့ တင်ပို့မည့် Gasifier များကို ကြည့်ရှုကာ လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေးအတွက် တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လူနာများအပေါ် စေတနာထားဆောင်ရွက် မှန်ကန်ထိရောက်သော ဆေးဝါးများသုံးစွဲ

## ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေး ကော်မတီဖွဲ့စည်း

**နေပြည်တော် မတ် ၁၅**

လူတွင် ဖြစ်ပွားတတ်သည့် ကြက်၊ ငှက် တုပ်ကွေးရောဂါနှင့် ကမ္ဘာ့တုပ်ကွေး ကပ်ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မြဦးသည် မတ် ၈ ရက် မွန်းလွဲပိုင်းက မန္တလေးတိုင်း ကျန်းမာရေးဦးစီးဌာန အစည်းအဝေး ခန်းမ၌ ကျင်းပသော တိုင်းအဆင့် ကြက်၊ငှက် တုပ်ကွေးရောဂါနှင့် ကမ္ဘာ့တုပ်ကွေး ကပ်ရောဂါ ကာကွယ်နှိမ်နင်းရေး ကော်မတီ လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မန္တလေးမြို့ရှိ ကန်တော်နဒီ ကူးစက်ရောဂါဆေးရုံ၌ ဆောင်ရွက်လျက်ရှိသည့် ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးနှင့် ကုသရေးလုပ်ငန်းကြိုတင် ဇာတ်တိုက်လေ့ကျင့်မှုကို သွားရောက်ကြည့်ရှုကာ လေ့ကျင့်လျက်ရှိသည့် ဝန်ထမ်းများကို လိုအပ်ချက်များ မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ တည်ဆောက်ဆဲ မန္တလေး အရိုးရောဂါ အထူးကုဆေးရုံကြီးသို့ ရောက်ရှိကာ ဆောက်လုပ်ဆဲ ပြင်ပလူနာဌာန၊ အရေးပေါ် လူနာလက်ခံ ကုသဌာန၊ အရေးပေါ် ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်းများ၊ ဓာတ်ခွဲခန်းနှင့် လူနာခန်းဆောင်များ ဆောက်လုပ်နေမှုကို လှည့်လည်ကြည့်ရှုပြီး မန္တလေး ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာ ဌာနနှင့် မန္တလေး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဌာနတို့ကိုကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များ ဆောင်ရွက်ကြရန် မှာကြားသည်။

**ဆွေးနွေးမှာကြား**

ယင်းနောက် ဒုတိယဝန်ကြီးသည် မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိပြီး ဆေးရုံ အစည်းအဝေး ခန်းမ၌ ဆေးရုံအုပ်ကြီးက ဆေးကုသမှုလုပ်ငန်းများ၊ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ ဝန်ထမ်းရေးရာကိစ္စများတင်ပြရာ ဒုတိယဝန်ကြီးက ဆေးရုံဝန်ထမ်းများအား ကုသမှုအရည်အသွေး တိုးတက်ကောင်းမွန်ရေး၊ လူနာများအပေါ် စေတနာထားဆောင်ရွက်ရေး၊ ဆေးရုံသန့်ရှင်းရေး၊ လူနာများအပေါ် ကုသရေး စရိတ်ကြီးမြင့်မှု မရှိစေရေး၊ မှန်ကန်ထိရောက်သော ဆေးဝါးများ သုံးစွဲရေးနှင့် ဆေးရုံတွင် ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေး ကော်မတီဖွဲ့စည်းဆောင်ရွက်ရေးကိစ္စများ ဆွေးနွေးမှာကြားသည်။

**မုံရွာဆေးရုံ**

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် မတ် ၉ ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်း မုံရွာဆေးရုံသို့ ရောက်ရှိကာ ဆေးရုံဆောက်လုပ်ရေးဆိုင်ရာ ကိစ္စရပ်များ ကြည့်ရှုစစ်ဆေးပြီး မွန်းလွဲပိုင်းတွင် စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံ တိုးချဲ့တည်ဆောက်ရေးအတွက် မြေအနေအထားနှင့် လက်ရှိဆောင်ရွက်နေသည့် လူနာကုသဆောင်များကို အသေးစိတ်စစ်ဆေး၍ ဆေးရုံတွင် တက်ရောက်ကုသလျက်ရှိသော လူနာများကို လှည့်လည်ကြည့်ရှုအားပေးပြီး စစ်ကိုင်းမြို့မှ ပြန်လည်ထွက်ခွာလာရာ နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စာပေညီလာခံ အတွေ့အကြုံရှင်းလင်း နှစ်ပတ်လည် အစည်းအဝေးကျင်းပ

**ရန်ကုန် မတ် ၁၅**

သာကေတမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ စတုတ္ထအကြိမ်မြောက် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ညီလာခံအတွေ့အကြုံရှင်းလင်းပွဲနှင့် နှစ်ပတ်လည် လုပ်ငန်းဆိုင်ရာ အစည်းအဝေးကို မတ် ၁၁ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန စာကြည့်တိုက်တွင်ကျင်းပရာ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ သာရဝေါ ဦးစိုးကြည်က စာပေညီလာခံအတွေ့အကြုံများ ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ အလုပ်အမှုဆောင်အဖွဲ့၏ နှစ်ပတ်လည် အစီရင်ခံစာကို အတွင်းရေးမှူး ကိုကြည်မြတ်က လည်းကောင်း၊ ဘဏ္ဍာရေး အစီရင်ခံစာကို ဘဏ္ဍာရေးမှူး ဒို့ခေတ် အောင်တည်က လည်းကောင်း ဖတ်ကြားတင်သွင်းပြီး အစည်းအဝေး တက်ရောက်ကြသူများထံမှ အများသဘောတူ အတည်ပြုကြသည်။ **(၂၅၈)**

**ပေးအပ်လှူဒါန်း**

**ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်း အမှတ် ၁၉ နေ ဒေါ်မြသန်း (ဆင်ပေါင်ဝဲ) မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတင်မောင်ဝင်းက လက်ခံယူစဉ်။**(က–ပ)

# မဂ္ဂဇင်း ဂျာနယ် စာအုပ်များလှူဒါန်း

**ရန်ကုန် မတ် ၁၅**

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ဦးအောင်သိန်းဝင်း (မောင်ခိုင်ခန့်)သည် ယမန်နေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ပညာ့ဗိမာန် စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ မဂ္ဂဇင်း၊ ဂျာနယ် စာအုပ် ၅၀၀ ကို လှူဒါန်းကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ယနေ့ မီးဘေးကြိုတင် ကာကွယ်ရေးသည် မနက်ဖြန် မီးဘေးလုံခြုံရေး ဖြစ်သည်

# နေပြည်တော်စိမ်းလန်းစိုပြည်ရေး ညှိနှိုင်းစည်းဝေး တိုင်းမှူးဗိုလ်မှူးချုပ်ဝေလွင် အမှာစကားပြောကြား

နေပြည်တော် မတ် ၁၅

**နေပြည်တော်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၁၃ရက် မွန်းလွဲ၁နာရီက နေပြည်တော်တိုင်းစစ်ဌာနချုပ် ပေါင်းလောင်းရိပ်သာခန်းမ၌ကျင်းပရာ အစည်းအဝေးသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်၊ ပျဉ်းမနားခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် လယ်ဝေး၊ ပျဉ်းမနား၊ တပ်ကုန်းမြို့နယ်ဥက္ကဋ္ဌများ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။**

**ရှင်းလင်းပြောကြား**

အစီအစဉ်အရ ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က နေပြည်တော် စိမ်းလန်းစိုပြည်ရေးအတွက် ခရိုင်နှင့် မြို့နယ်အဆင့်သာမက သက်ဆိုင်ရာ ဝန်ကြီးဌာနများကလည်း ဝိုင်းဝန်းဖြည့်ဆည်း ဆောင်ရွက်ပေးရန်လိုအပ်သည့်အခြေအနေ၊ သစ်တောပြုန်းတီးမှု မရှိစေရေးနှင့် သစ်ပင်သစ်တော အစားထိုး စိုက်ပျိုးရမည့် အခြေအနေ၊ ကျေးရွာများ၌ ဆည်တမံများ တည်ဆောက်ရေး၊ ကျေးရွာချင်းဆက်လမ်းများနှင့် ကားလမ်းဘေးဝဲယာ တစ်လျှောက်တွင် သစ်ပင်များစိုက်ပျိုးရေး၊ သန့်ရှင်းသပ်ရပ်စေရေးဆောင်ရွက်ရမည့် အခြေအနေများနှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

**ဆောင်ရွက်မှုအခြေအနေ**

ထို့နောက် ခရိုင်ဥက္ကဋ္ဌ ဦးခင်မောင်ဇော်က နေပြည်တော် စိမ်းလန်းစိုပြည်ရေးအတွက် စီမံဆောင်ရွက်ထားရှိမှုများ၊ ပျဉ်းမနား အရှေ့ခြမ်းတောင်ပေါ်ကျေးရွာများ၌ သစ်တောမပြုန်းတီးရေးအတွက် ဆောင်ရွက်မှုအခြေအနေများကိုရှင်းလင်းတင်ပြပြီး တာဝန်ရှိသူများက နေပြည်တော် စိမ်းလန်းစိုပြည်ရေးအတွက် လုပ်ငန်းကဏ္ဍ အလိုက် ဆောင်ရွက်မှု အခြေအနေများကို အသီးသီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ချင်းတွင်းအသင်း(ရန်ကုန်)နှစ်ပတ်လည် စည်းဝေးမည်

**ရန်ကုန် မတ် ၁၅**

ချင်းတွင်းအသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ အသက်(၈၀)နှင့် အထက်အသင်းဝင် ဘိုးဘွားများပူဇော်ပွဲ၊ ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် နှစ်ဘာသာနှင့်အထက်ဂုဏ်ထူးရရှိသူ အသင်းဝင်များ၏ သားသမီးများ၊ နိုင်ငံတော်ကချီးမြှင့်သော ဂုဏ်ထူးဆောင်ဘွဲ့ရ ချင်းတွင်းနယ်သူနယ်သားများအား ဂုဏ်ပြုချီးမြှင့်ပွဲကို မတ်၁၇ရက် နံနက်၉နာရီတွင် စမ်းချောင်းမြို့နယ် ဘာဝနာလမ်းရှိ ဟံသာဝတီကမ္မဋ္ဌာန်းကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။ ကန်တော့ခံသက်ပြည့် ဘိုးဘွားများ၊ ဂုဏ်ထူးနှစ်ဘာသာနှင့်အထက်ရရှိသော အသင်းဝင်များ၏ သားသမီးများ၊ ဆုရပုဂ္ဂိုလ်များနှင့် တက္ကသိုလ်ပညာသင်ထောက်ပံ့ဆုအတွက် ပညာရေးငွေပဒေသာပင် စိုက်ထူလိုသော ချင်းတွင်းနယ်သူနယ်သား စေတနာရှင်များသည် ဥက္ကဋ္ဌ ဦးဇော်ဝင်း ဖုန်း-၂၅၂၀၄၄၊ ဒုတိယဥက္ကဋ္ဌ ဦးလှမြိုင် ဖုန်း-၅၃၄၇၆၄၊ ဗိုလ်မှူးကြီး ပီကျော်ဟန်(ငြိမ်း) ဖုန်း-၅၇၈၂၉၁၊ ဒေါ်မေစန်းတင် ဖုန်း-၂၄၆၂၃၁၊ ဦးဝင်းငွေ ဖုန်း-၅၂၄၃၈၅ နှင့် အသင်းတိုက်တည်ရှိရာ ဒဂုံမြို့နယ် ယောမင်းကြီးလမ်းသွယ် ခြံအမှတ် ၂၇ အခန်း(၅၇)သို့ မတ်၇ရက် နောက်ဆုံးထား၍ သတင်းပေးပို့ရန်နှင့် အသင်းဝင်အားလုံးနှင့် အသင်းမဝင်ရသေးသည့် ချင်းတွင်း နယ်သားအားလုံး အခမ်းအနားသို့ တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ စစ်ရေးပြတပ်ခွဲလေ့ကျင့်မှု ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၅

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေသည် ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်မြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မတ်၁၄ရက် နံနက်၉နာရီက နေပြည်တော်ရှိ အမှတ် ၇ တည်းခိုရေးစခန်း ရွာတော်သို့သွားရောက်၍ (၆၂)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် မြဝတီစစ်ကြောင်းရှိ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၏ စစ်ရေးပြအမိန့်စဉ်များ လေ့ကျင့်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။**

**ဂုဏ်ပြုချီးမြှင့်**

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် စစ်သည်များ၏ အိပ်ဆောင်သို့ရောက်ရှိ ကြည့်ရှုစစ်ဆေးပြီး စစ်ရေးပြပါမီးသတ်တပ်ဖွဲ့ဝင်များအား မြဝတီစစ်ကြောင်း စားရိပ်သာဆောင်၌တွေ့ဆုံကာ ဝန်ကြီးက ဂုဏ်ပြုချီးမြှင့်ငွေ ကျပ်၁၅သိန်းကိုလည်းကောင်း**(အပေါ်ပုံ)**၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က ဝန်ကြီးရုံး ဦးစီးဌာနများနှင့် အလှူရှင်များက လှူဒါန်းသော အချိုရည်ဘူးများ၊ လူသုံးကုန်ပစ္စည်းကိုးမျိုးကိုလည်းကောင်း မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်မင်းက စားဖိုဆောင် သီးနှံများကို စစ်ရေးပြတပ်ခွဲများအတွက်ပေးအပ်ရာ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ တပ်ခွဲမှူးက လက်ခံရယူခဲ့ကြောင်း သတင်းရသည်။ **(သတင်းစဉ်)**

**တတိယ အကြိမ်မြောက် အာဆီယံနိုင်ငံများနှင့်ဆွေးနွေးဖက် သုံးနိုင်ငံတို့၏ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်နှင့် စွမ်းအင်ခြိုးခြံချွေတာ ရေးဆိုင်ရာဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပစဉ်။** (စွမ်းအင်)

# THE LIVE NEWS ဂျာနယ် အမှတ်(၂၈)ထုတ်ဝေဖြန့်ချိ

**ရန်ကုန် မတ် ၁၅**

ရွှေပြည်စိုး စာပေတိုက်မှ အပတ်စဉ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် THE LIVE NEWS ဂျာနယ် အမှတ်(၂၈)ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

ကိုရီးယားနိုင်ငံတွင် မြန်မာလုပ်သားများ အလုပ်လုပ်ကိုင်ခွင့်ရရှိမည်၊ အင်္ဂါနှစ်ခုပိုင်ဆိုင်သည့် ကလေးငယ်မောင်/မတပ်ရန် အခက်အခဲဖြစ်နေ၊ ဒစ်ဂျစ်တယ်ကင်မရာ မော်ဒယ်သစ်များ ဈေးကွက်ထိုးဖောက်လာလျက်ရှိမဲခေါင်ဒေသတွင်း လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဒေသတွင်းနိုင်ငံများ ပူးပေါင်းမြှင့်တင်မည်၊ အကယ်ဒမီသု ရင်ခုန်သံများ၊ တာချီလိတ်မှ မိုင်းဖြတ်-ကျိုင်းတုံသို့၊ ပသိမေတ္တာနှင့် တောင်စခန်းသာ၊ မောင်သိန်းဆိုင်နှင့် က-ခပြဿနာ၊ Two Passengers on Board ၊ အင်ဒိုနီးရှားအတွက် ကံကြမ္မာက မျက်နှာသာ မပေးရှာသလား၊ ဝက်နဲ့နွားကိုသာ လက်ဖွဲ့ပစ္စည်းအဖြစ် လက်ခံမယ်ဆိုတဲ့ လစ်ဖိဟာလေရဲ့ မင်္ဂလာဆောင်၊ ကျီးလန့်စာ စားဖြစ်နေတဲ့ အာဖဂန်နစ္စတန်နိုင်ငံရဲ့ ပကတိသရုပ်မှန်၊ သွားလေရာ ခမိုးရှာနေသည့် အမေရိကန်သမ္မတဘုရှ်၊ ၅၀ ပြည့်အိုစမာ အီရန်မှာရောက်နေသလော၊ နေတိုး-တာလီဘန်နှင့် အာချီလီ စစ်ဆင်ရေး၊ တက္ကစီမင်းနှင့် သေရွာပြန်မောင်ရစ်၊ ကိုရီးယားရုပ်ရှင် ကြိုတင်ဇာတ်လမ်းများစသည့်သတင်း၊ ဆောင်းပါး၊အားကစား၊အနုပညာကဏ္ဍများကို ဝေဝေဆာဆာ တင်ဆက်ထားသည်။

THE LIVE NEWS ဂျာနယ်သို့ စာမူပေးပို့လိုသူများ၊ဖြန့်ချိရေးကိစ္စ ဆောင်ရွက်လိုသူများသည် အမှတ် ၃၁၀ ဝါးတန်းလမ်း မြေညီထပ် အခန်း(၀၀၄) လမ်းမတော်မြို့နယ် ဖုန်း-၂၂၉၈၈၂၊၂၂၉၈၈၅တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# စွမ်းအင်ခြိုးခြံချွေတာရေးဆိုင်ရာဆွေးနွေးပွဲဖွင့်

ရန်ကုန် မတ် ၁၅

**မြန်မာနိုင်ငံစွမ်းအင်ဝန်ကြီးဌာနသည် အာဆီယံစွမ်းအင်ဆိုင်ရာဗဟိုဌာန (ASEAN Centre for Energy-ACE)၊ ဂျပန်နိုင်ငံ စွမ်းအင်စီးပွားရေးသိပ္ပံ (Institute of Energy Economic Energy Japan-IEEJ)နှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းတို့ ပူးပေါင်း၍ တတိယအကြိမ်မြောက် အာဆီယံနိုင်ငံများနှင့် ဆွေးနွေးဖက်သုံးနိုင်ငံတို့၏ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် စွမ်းအင် ခြိုးခြံချွေတာရေးဆိုင်ရာဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်၉နာရီက ရန်ကုန်မြို့ တက္ကသိုလ်များ(လှိုင်နယ်မြေ)ရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံ၌ ကျင်းပသည်။**

**တက်ရောက်**

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းဌာနများမှ တာဝန်ရှိသူများ၊ အာဆီယံ စွမ်းအင်ဆိုင်ရာ ဗဟိုဌာနမှ အမှုဆောင် ဒါရိုက်တာ Dr. Weerawat Chantanakome၊ အာဆီယံအတွင်း ရေးမှူးချုပ်ရုံးမှ Ms. Rabiah Al Adawiyahနှင့် အာဆီယံ ၁၀နိုင်ငံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ ကိုယ်စားလှယ်များနှင့် စွမ်းအင်ဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သစ်တောရေးရာဝန်ကြီးဌာန၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာနနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများဖြစ်သည့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့် မြန်မာပြန်ပြည့်မြဲစွမ်းအင်အသင်းတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ၏ စွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိ ခေါင်းဆောင်ကိုယ်စား စွမ်းအင်ဝန်ကြီးဌာန စွမ်းအင်စီမံရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်နှင့် အာဆီယံစွမ်းအင်ဆိုင်ရာဗဟိုဌာနမှ အမှုဆောင်ဒါရိုက်တာ Dr. Weerawat Chantanakome တို့က အမှာစကားပြောကြားကြသည်။

**ဆက်လက်ကျင်းပ**

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်နှင့် စွမ်းအင်ခြိုးခြံချွေတာရေးဆိုင်ရာစာတမ်းများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးဖက် သုံးနိုင်ငံတို့၏ တက်ရောက်လာကြသော ကိုယ်စားလှယ်များက အသီးသီး ဖတ်ကြားတင်သွင်းကြ၍ ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ညနေပိုင်းတွင် ပထမနေ့ဆွေးနွေးပွဲကို ရပ်နားလိုက်သည်။

**ကြည့်ရှုလေ့လာမည်**

ယင်းဆွေးနွေးပွဲကို မတ်၁၆ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဆွေးနွေးပွဲအပြီးတွင် ကိုယ်စားလှယ်များသည် မြန်မာနိုင်ငံက ၂၀၀၆ ခုနှစ် အာဆီယံအစားထိုးစွမ်းအင်ဆုတံဆိပ် ရရှိခဲ့သော လှိုင်သာယာစက်မှုဇုန်ရှိ မြန်မာတီထွင်သူများ သမဝါယမအသင်း (MICS)၏စပါးခွံ လောင်စာသုံး ဓာတ်ငွေ့စက် ပြုလုပ်သည့်စက်ရုံသို့ သွားရောက်ကြည့်ရှုလေ့လာကြမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မဟာဗောဓိဆုတောင်းပြည့်စေတီတော် ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာကျင်းပ

ရန်ကုန် မတ် ၁၅

**ပဲခူးတိုင်း (အနောက်ပိုင်း) ရွှေတောင်မြို့နယ် တရုတ်မှော်ရွာဦးရှိ ဝိဇာတကုန်းတော်မြတ်၌ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာမြန်မာကျောင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဗုဒ္ဓဂယာဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏိန္ဒ၏ မိဘနှစ်ပါးအားရည်စူး၍တည်ထားသော အနန္တဂုဏ်ရည်ရန်ပြေမာန်ပြေ မဟာဗောဓိ ဆုတောင်းပြည့်စေတီတော်မြတ်အား ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာ၊ ဌာပနာတော်ပိတ်ပွဲ၊ အောင်ပွဲနှင့် တရားတော်နာ ရေစက်ချမင်္ဂလာ အခမ်းအနားကို မတ်၇ရက် နံနက်၈နာရီတွင် အဆိုပါစေတီတော်၌ ကျင်းပသည်။**

**လှူဖွယ်ပစ္စည်းများဆက်ကပ်**

အခမ်းအနားတွင် ရှေးဦးစွာ ပရိသတ်များက ဗုဒ္ဓဂယာဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဉာဏိန္ဒထံမှ နဝင်္ဂသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်ကြီးများနှင့် ပင့်သံဃာ ၁၁၇ပါးတို့အား ဆွမ်းမျိုးများ၊ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း၏ ဆွမ်းဝေယျာဝစ္စ၊ ဝိသာခါ သာသနာ့နုဂ္ဂဟအဖွဲ့နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ပြည်၊ ရွှေတောင်မှ ဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ အလှူရှင်များက ဌာပနာတော် ပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်ကြကာ ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ရွှေသုဝဏ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သဒ္ဓိယ ဦးဆောင်၍ အလယ်ပစ္စယာ၌ ဌာပနာတော်ပိတ်သွင်းသည်။

**အမျှပေးဝေ**

ဆက်လက်၍ ဗုဒ္ဓဂယာဆရာတော် ဦးဆောင်သော သံဃာတော်၁၈ပါးတို့က စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်ကြပြီးအောင်ပွဲ အထိမ်းအမှတ်အဖြစ် စစ်ကိုင်းမြို့သီတဂူ ဗုဒ္ဓတက္ကသိုလ် ပဓာနနာယက ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ(Ph.D) D-Litt ချီးမြှင့်သော အနုမောဒနာတရားနာယူကြကာ အလှူရှင်များက လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဗုဒ္ဓဂယာဆရာတော် တည်ဆောက် လှူဒါန်းသည့် အဆိုပါ စေတီတော်မှာ ဉာဏ်တော် ၃၆ ပေ၊ လုံးပတ် ပေ ၄၀ x ၄၅ပေရှိပြီး ခုနစ်ရက်သားသမီးများ စုပေါင်းလှူဒါန်းထားသော နဝကမ္မအလှူတော်ငွေ ကျပ်သိန်း ၄၅၀ အကုန်ကျခံ တည်ဆောက်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

# ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ထီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆွေးနွေးမှာကြား

ရန်ကုန် မတ် ၁၅

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မတ် ၁၁ရက် နံနက် ၇နာရီတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလမ်းဖြစ်သည့် ထီးလင်းမြို့မှ ထီးလင်း၊ ဝါးရင်းချိုင်၊ လက်ပန်၊ လုံးပေါင်၊ဆင်စွယ်အရှည် ၁၂မိုင်ရှိ မြေသားလမ်းကို မော်တော်ယာဉ်များဖြင့်သွားရောက်ပြီး ချောင်းကူးတံတားများ အမြန်တည်ဆောက်ပြီးစီးရေးအတွက် မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများအား ညွှန်ကြားမှာကြား ဆောင်ရွက်ပေးသည်။**

## ပူးပေါင်းဆောင်ရွက်

အဆိုပါလမ်းမှာ လမ်းအူကြောင်းရှာဖွေခြင်း၊ မြေထိုးစက်ဖြင့် မြေသားလမ်း ဖောက်လုပ်ခြင်း ပထမဆင့်လုပ်ငန်းများ ပြီးစီးပြီဖြစ်သည်။ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ငွေကျပ်၂၅သိန်း ပံ့ပိုးကူညီခဲ့ပြီး ကျောက်ခင်းခြင်း၊ တံတား တည်ဆောက်ခြင်းတို့ကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် ပြည်သူလူထုတို့က ပူးပေါင်း ဆောင်ရွက်ကြမည်ဖြစ်သည်။

ထိုမှတစ်ဆင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ထီးလင်းမြို့နယ် ဆင်စွယ်ကျေးရွာသို့ ရောက်ရှိ၍ ဓမ္မစက္ကကျောင်းဆရာတော် ဘဒ္ဒန္တပညာသာမိအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး အဆိုပါ ဓမ္မစက္ကကျောင်း၌ ဆင်စွယ်ကျေးရွာအုပ်စုရှိ ကျေးရွာခုနစ်ရွာတို့မှ ကျေးလက်ပြည်သူ အင်အား ၁၃၀၀ ကျော်နှင့် တွေ့ဆုံ၍အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ကျေးရွာအုပ်စုများက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာ စောင်ရေ ၄၅၀ကို ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းထံ ကျေးရွာစည်းရုံးရေးမှူးဦးဆန်းဝင်းက ပေးအပ်သည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဆင်စွယ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ကျောင်းဆောင်သစ်ဆောက်လုပ်ရန် အလှူငွေကျပ် သုံးသိန်းကိုလည်းကောင်း၊ ပလတ်စတစ်ကြိုးခွေများကိုလည်းကောင်း၊ ကျောင်းသုံးဖတ်စာအုပ် အစုံ ၁၀၀ နှင့် ဗလာစာအုပ်ဒါဇင် ၅၀တို့ကို လည်းကောင်း၊ မဂ္ဂဇင်း၊ ဂျာနယ်များကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

## အဆိုပြုလွှာပေးအပ်

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ထီးလင်းမြို့နယ် ဦးနှောက်ကျေးရွာသို့ ရောက်ရှိရာ ဓမ္မိကာရုံကျောင်း ဆရာတော် ဘဒ္ဒန္တပညာသဒ္ဒိအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် အဆိုပါ ကျောင်း၌ ဦးနှောက်ကျေးရွာအုပ်စုရှိ ကျေးရွာရှစ်ရွာတို့မှ ကျေးလက်ပြည်သူအင်အား ၉၀၀ ကျော်နှင့်တွေ့ဆုံ၍ အမှာစကားပြောကြားပြီး ဦးနှောက်ကျေးရွာအုပ်စုမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်အဆိုပြုလွှာ အစောင်၅၅၀ကို ကျေးရွာစည်းရုံးရေးမှူးက ဗဟို အတွင်းရေးမှူး ဝန်ကြီးထံပေးအပ်သည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဦးနှောက်ကျေးရွာ စာသင်ကျောင်း ဆောင်သစ်ဆောက်လုပ်ရေးအတွက် အလှူငွေကျပ်သုံးသိန်းကိုလည်းကောင်း၊ ကျောင်းသုံးဖတ်စာအုပ်အစုံ ၁၀၀နှင့် ဗလာစာအုပ်ဒါဇင် ၅၀တို့ကို လည်းကောင်း၊ ဆပ်ပြာများကိုလည်းကောင်း၊ မဂ္ဂဇင်းနှင့် ဂျာနယ်များကို လည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် ထီးလင်းမြို့နယ် ဝါးရင်းချိုင် ကျေးရွာ အမှတ်(၃၃) အခြေခံပညာမူလတန်းကျောင်းသို့ရောက်ရှိ၍ ကျေးလက်ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံပြီး အဆိုပါကျောင်းခန်းမ၌ ကျေးရွာငါးရွာတို့မှ ကျေးလက်ပြည်သူ ၅၀၀ ကျော်အား တွေ့ဆုံကာ အမှာစကားပြောကြားသည်။

## ပေးအပ်လှူဒါန်း

ထို့နောက် ဝါးရင်းချိုင်ကျေးရွာ စာသင်ကျောင်းအတွက် ဗလာစာအုပ်များကို ဗဟိုအတွင်းရေးမှူး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပေးအပ်လှူဒါန်းရာ ကျေးရွာမှတာဝန်ရှိသူများက လက်ခံကြသည်။

## ဆောင်ရွက်ပေး

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက မကွေးတိုင်း ထီးလင်းမြို့နယ်အတွင်း ကွင်းဆင်း၍ ဆင်စွယ်ကျေးရွာအုပ်စု၊ ဦးနှောက်ကျေးရွာအုပ်စုနှင့် ဝါးရင်းချိုင်ကျေးရွာအုပ်စုတို့မှ ကျေးလက်ပြည်သူများအား တွေ့ဆုံမှာကြားရာတွင် မိမိအနေဖြင့် ကျေးလက်ဒေသများသို့ ကွင်းဆင်းလာရောက်ခြင်းသည် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်အရ ကျေးလက်ဒေသနေ ပြည်သူများ၏ အခြေအနေကို အသေးစိတ်သိရှိပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုပံ့ပိုးဆောင်ရွက်ပေးနိုင်ရန် လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်အပြင် ကျေးလက်ဒေသ မီးလင်းရေးနှင့် ကျေးရွာတိုင်း၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုပါ ဖြစ်မြောက်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယခုကဲ့သို့ ပြည်သူများနှင့်ထိတွေ့ပြီး ငွေကြေး၊ ပစ္စည်း၊ အကြံဉာဏ်တို့ဖြင့် ပံ့ပိုးဆောင်ရွက်ပေးနေခြင်းသည် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက် ပေးနေခြင်းပင်ဖြစ်ကြောင်း။

သို့သော်လည်း နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်နေသည့် အခြေအနေကောင်းများကို ပျက်စီးအောင် အစဉ်တစိုက်ဆောင်ရွက်နေကြသည့် ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများ ရှိကြောင်း၊ ပြည်တွင်း၊ ပြည်ပ အဖျက်သမားများက နည်းမျိုးစုံဖြင့် ဟန့်တားနှောင့်ယှက်မှု၊ ထိပ်တိုက်ရင်ဆိုင်မှုများသည် ဒေသဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေနိုင်ပြီး ပြည်သူများလိုလားကြသည့် ဒီမိုကရေစီစနစ်ထူထောင်ရေးကိစ္စများကိုပါ နှောင့်နှေးစေမည်ဖြစ်ကြောင်း၊ ထို့အတူ ပြည်ပမှ သြဇာခံတပည့်မွေး၍ ခေတ်သစ်ကျွန်ပြုနည်းဖြင့် ကျွန်ပြုမှုမခံရစေရေးကို ပြည်သူများ သတိပြုစေလိုကြောင်း၊ ယင်းအဖွဲ့များ၏လုပ်ဆောင်မှုများက အင်မတန်အန္တရာယ်ကြီးကြောင်း၊ ၎င်းတို့ကိုသတိပြုပြီး မထိန်းနိုင်လျှင် သမိုင်းတစ်ပတ်လည်ပြီး တိုင်းပြည်နှင့်လူမျိုးသည် ၁၉၄၈ခုနှစ်မှ ၁၉၈၈ခုနှစ် အတွင်းကာလများကဲ့သို့ ဖွံ့ဖြိုးမှုအနည်းဆုံးဘဝ၊ အနိမ့်ကျဆုံးဘဝကို ရောက်ရှိသွားနိုင်ကြောင်း၊ ထို့ကြောင့် ပြည်သူများအနေဖြင့် တိုင်းပြည် တည်ဆောက်ရေးကဏ္ဍများတွင် သာမက အဖျက်အမှောင့်သမားများ၏ အန္တရာယ်ကို ဟန့်တားကာကွယ်၊ တိုက်ဖျက်ချေမှုန်းရေးတွင်ပါ နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးနှင့် အတူ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပါဝင်လက်တွဲ ကူညီသင့်ကြောင်းဖြင့် ပြောကြားသွားသည်။ **(သတင်းစဉ်)**

❒ ရှေ့ဖုံးမှ

## စည်းရုံးဆောင်ရွက်

ရှေးဦးစွာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးအောင်ခင်က ၂၀၀၆-၂၀၀၇ခုနှစ် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၏ နွေစပါးစိုက်ပျိုးမှု၊ မိုးစပါး စိုက်ပျိုးနိုင်ခဲ့မှု၊ ဒေသတွင်း ကြက်သွန်နီ၊ ကြက်သွန်ဖြူဖူလုံမှုနှင့် လက်ဖက်စိုက်ပျိုးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်သဖြင့် ဝန်ထမ်းများသည် စိုက်ပျိုးရေးလုပ်ငန်းများကို ကိုယ်တိုင်ပါဝင် ဆောင်ရွက်ရုံသာမက ဝန်ထမ်းများပါ လုပ်ချင်လာအောင် စည်းရုံးဆောင်ရွက်ကြရန်လိုကြောင်း၊ ဤဒေသသည် ရေခံမြေခံကောင်းပြီး မြေယာပေါများသည့်ဒေသဖြစ်၍ သီးနှံများ တိုးချဲ့စိုက်ပျိုးရန် စည်းရုံးဆောင်ရွက်စေလိုကြောင်း၊ လက်ဖက်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် "စားလို့ရတာအကုန်စိုက်" ဆောင်ပုဒ်နှင့်အညီ အခြားသီးနှံများကို စိုက်ပျိုးခြင်းဖြင့် ဝင်ငွေရရှိမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့သည် တောင်သူ ဦးဆီဝန်း၏ နွေစပါး စိုက်ကွက်အတွင်း မြေဩဇာကြဲပက်နေမှုနှင့် ပေါင်းလိုက် တမန်းနှိုးနေမှုများကို လှည့်လည်ကြည့်ရှုကြသည်။

## လိုအပ်သည်များမှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့သည် ခြံစည်းရိုးကြက်ဆူဆီဖြင့် စပါးလှေ့စက်၊ စပါးခြွေစက်နှင့်ထွန်စက်များ သရုပ်ပြမောင်းနှင်နေမှု၊ ခင်းကျင်းပြသထားသော စပါးမျိုးများ၊ နွားချေး၊ စက်ဖွဲပြာ၊ ကျောက်မှုန့်နှင့် ယူရီးယားဓာတ်မြေဩဇာများ၊ စပါးရိတ်သိမ်းခြွေလှေ့စက်တို့ကို ကြည့်ရှုစစ်ဆေးကြပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံကာ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က စပါးအပြင် ရော်ဘာနှင့် အခြားသီးနှံများ စိုက်ပျိုးရန်နှင့် သတ်မှတ်အထွက်နှုန်း ရရှိပါက ဆုချီးမြှင့်မည်ဖြစ်ကြောင်း ပြောကြားပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို ထပ်မံမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးဗိုလ်ချုပ်မင်းအောင်လှိုင်နှင့်အဖွဲ့သည် ကျိုင်းတုံမြို့နယ် မိုင်းလန်းကျေးရွာအုပ်စု မြေယာများ၌ မြန်မာ့ရွှေဖြူရော်ဘာခြံလီမိတက်က စိုက်ပျိုးထားသော ရော်ဘာစိုက်ခင်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

## ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ကျိုင်းတုံ-မိုင်းဆတ်လမ်းအတိုင်း ဆက်လက်ထွက်ခွာ၍ လမ်းဘေးဝဲယာ၌ စိုက်ပျိုးထားသော နွေစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးကြသည်။

## တွေ့ဆုံ

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် တိုင်းမှူးတို့သည် ပြည်နယ်၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များအား နယ်မြေခံတပ်နယ် ရွှေတြိဂံရိပ်သာ၌ တွေ့ဆုံသည်။

## မှာကြား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ကျိုင်းတုံ-မိုင်းဖြတ်-တာချီလိတ်လမ်းအတိုင်း ဆက်လက်ထွက်ခွာလာရာ မိုင်းဖြတ်မြို့နယ်မြေခံတပ်သို့ ရောက်ရှိကြပြီး ဧည့်ခန်းမ ၌ မိုင်းဖြတ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်နှင့် မြို့နယ် အတွင်းရေးမှူးများအား တွေ့ဆုံရာ မိုင်းဖြတ်ခရိုင်အသင်း အလုပ်အမှုဆောင် ဦးခင်ထွန်းက အသင်း၏ လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက လိုအပ်သည်များမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊တိုင်းမှူးနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ကျိုင်းတုံ-မိုင်းဖြတ်-တာချီလိတ်လမ်းအတိုင်း ဆက်လက်ထွက်ခွာလာပြီး လမ်းဘေးဝဲယာ၌ စိုက်ပျိုးထားသော နွေစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးကာ တာချီလိတ်မြို့သို့ရောက်ရှိကြသည်။ **(သတင်းစဉ်)**

# ကျောက်စိမ်းအတွဲများ တတိယနေ့ဆက်လက်ရောင်းချ ကျောက်စိမ်းအတွဲပေါင်း ၃၁၉၉တွဲ တင်ဒါစနစ်ဖြင့်ဝယ်ယူ

ရန်ကုန် မတ် ၁၅

**(၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲအစီအစဉ်အရ ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်ဖြင့် တတိယနေ့အဖြစ် ယနေ့နံနက် ၉နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာခန်းမ၌ ဆက်လက်ရောင်းချသည်။**

တင်ဒါစနစ်ဖြင့်ရောင်းချ

**ကျောက်မျက်ရတနာပြပွဲတွင် ကျန်ရှိသော ကျောက်စိမ်းအတွဲများကို ယမန်နေ့ညနေ ၄နာရီမှ ညနေ ၆နာရီခွဲအထိ တင်ဒါစနစ်ဖြင့်ဆက်လက်ရောင်းချရာ ကျောက်စိမ်းအတွဲပေါင်း ၄၁၉၈တွဲကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက ဝယ်ယူခဲ့ကြသည်။ ယမန်နေ့တစ်နေ့တည်းပင် ကျောက်စိမ်းအတွဲ ၁၄၁၇တွဲကို တင်ဒါစနစ်ဖြင့်ရောင်းချခဲ့ရသည်။**

**ကျန်ရှိနေသော ကျောက်စိမ်းအတွဲများကို ယနေ့နံနက် ၉နာရီမှ ညနေ ၄နာရီခွဲအထိ တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချရာ ကျောက်စိမ်းအတွဲပေါင်း ၇၁၆တွဲ ရောင်းချခဲ့ရသည်။**

**(၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်ပနိုင်ငံ ၁၃နိုင်ငံမှ ရတနာကုန်သည် ၂၀၅၂ဦးနှင့် ပြည်တွင်း နိုင်ငံသားရတနာကုန်သည် ၁၃၄၇ဦး စုစုပေါင်း ရတနာကုန်သည် ၃၃၉၉ဦးတို့ တက်ရောက်၍ ဝယ်ယူလျက်ရှိကြသည်။** (အောက်ပုံ)

**ကျန်ရှိနေသော ကျောက်စိမ်းအတွဲများကို မတ် ၁၆ရက်တွင် ဈေးပြိုင်စနစ်ဖြင့် စတုတ္ထနေ့အဖြစ် ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။**

(သတင်းစဉ်)

16-3 (07) 1 3/16/07, 1:50 PM

## အမှာစကားပြောကြား

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို ထားဝယ်မြို့ မြို့တော်ခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအား အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

■ *ကျောဖုံးမှ*

### ရှင်းလင်းတင်ပြ

ရှေးဦးစွာ ထားဝယ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်မြင့်သန်းက ထားဝယ်မြို့နယ်၏ တည်နေရာ၊ အကျယ်အဝန်းနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို လည်းကောင်း၊ ခရိုင်မြေစာရင်းဦးစီးဌာနမှူး ဦးစိုးတင့်က ၂၀၀၇–၂၀၀၈ ခုနှစ် မိုးစပါးတိုးချဲ့ စိုက်ပျိုးရန် နည်းလမ်းငါးသွယ်ဖြင့်မြေယာဖော်ထုတ်မည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ခရိုင်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးကျော်လှနှင့် တာဝန်ရှိသူများက ဒေသတွင်း စိုက်ပျိုးရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများ၊ သီးနှံအထွက်နှုန်း ကောင်းမွန်ရေး ဆောင်ရွက်ရမည့် နည်းလမ်းများကို ရှင်းလင်းတင်ပြကြပြီး ဗိုလ်မှူးချုပ်ခင်ဇော်ဦးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

### ဆွေးနွေးမှာကြား

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ညှိနှိုင်းဆောင်ရွက်ပေး၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကာ အမှာစကားပြောကြားရာတွင် တနင်္သာရီတိုင်းအတွင်း စိုက်ပျိုးရေး၊ ပညာရေးကဏ္ဍများတွင် တိုးတက်မှုများရှိသည်ကို တွေ့ရှိရကြောင်း၊ စက်မှုကုန်ကြမ်း သီးနှံ ရော်ဘာစိုက်ပျိုးရေးအစီအစဉ်များကို ပြည်သူများသိရှိအောင် စီမံဆောင်ရွက်ပြီး တက်တက်ကြွကြွ ပါဝင်စိုက်ပျိုးရန်လိုကြောင်း၊ အခြေခံအဆောက်အအုံခိုင်မာရေး၊ ဒေသဖွံ့ဖြိုးရေးတို့တွင် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် တိုင်ပင်ပူးပေါင်း၍ ကိုယ့်အားကိုယ်ကိုး လုပ်ငန်းများကိုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ပန်းတိုင်အထွက်နှုန်းရရှိအောင် ဆွေးနွေးတင်ပြရုံသက်သက်မဟုတ်ဘဲ လက်တွေ့ကျကျ အကောင်အထည်ဖော် လုပ်ဆောင်ရန်လိုကြောင်း။

ခြောက်သွေ့ရာသီဖြစ်၍ဒေသတွင်း မီးဘေးကြိုတင် ကာကွယ်ရေးလုပ်ငန်းများကို ကြိုကြိုတင်တင် ဆောင်ရွက်ရန်လိုကြောင်းဖြင့် တိုက်တွန်းမှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

### စိုက်ပျိုးပြီး

ထားဝယ်ခရိုင်တွင် ၂၀၀၆–၂၀၀၇ ခုနှစ်တွင် မိုးစပါး ၂၁၄၃၃၁ ဧက၊ နွေစပါး ၁၃၃၈၂ဧက၊ မြေပဲ ၁၁၇ဧက၊ နှမ်းဧက ၄၉၀၊ ကြံ ၇၇၄ဧက၊ ရော်ဘာ ဧကရှစ်သောင်းကျော်၊ ဆီအုန်း ၂၆၅၅၄ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

**(သတင်းစဉ်)**

**မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း**

## ဂျပန်ခရီးသည်တင်လေယာဉ်တစ်စင်း ရှေ့ဘီးချမရ၍ ဝမ်းဗိုက်နှင့် ရှပ်ဆင်းခဲ့ရ

**တိုကျို မတ် ၁၅**

ဂျပန်နိုင်ငံတောင်ပိုင်း ကိုချီလေဆိပ်၌ မတ် ၁၃ ရက်က ခရီးသည် ၆၀ လိုက်ပါလာသော အေအင်န်အေ ခရီးသည်တင်လေယာဉ်တစ်စင်းသည် ၎င်းလေဆိပ်သို့ဆင်းသက်စဉ် ရှေ့ဘီးချမရသဖြင့် ဝမ်းဗိုက်နှင့် ရှပ်တိုက်၍ ဆင်းခဲ့ရကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။ **(အပေါ်ပုံ)**

အဆိုပါလေယာဉ်သည် လေဆိပ်သို့ဆင်းရန် နှစ်နာရီကြာအောင် ကြိုးစားသော်လည်း ဘီးချမရဘဲ ဖြစ်နေကြောင်း၊ သို့ရာတွင် လုံခြုံဘေးကင်းစွာ ဆင်းသက်နိုင်ခဲ့ကြောင်း လေဆိပ်တာဝန်ရှိသူများက ပြောကြားသည်။

**(အင်တာနက်)**

✻ *ကျောဖုံးမှ*

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ငွေဆောင်–ဆင်မ–ငရုတ်ကောင်းလမ်း ၂၁မိုင်ရှိ ကနစိုးကုန်းကျေးရွာသစ်ရောင်းချောင်းသို့ ရောက်ရှိကြပြီး ဒေသခံပြည်သူများအားတွေ့ဆုံကာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ၊ သစ်ရောင်းချောင်းကူးတံတား တည်ဆောက်ရေးဆိုင်ရာများကို ဆွေးနွေးမှာကြား၍ လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးသည်။

### ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ကားလမ်းတစ်လျှောက် သစ်ရောင်း၊ မိုးတိမ်ပြင်နှင့် ရေကျော်ကျေးရွာ အုပ်စုများအတွင်းရှိ ကျေးရွာများ၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ၊ တံတားများနှင့် လမ်းပိုင်းအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီးနောက်ငရုတ်ကောင်းမြို့သို့ ရောက်ရှိကြသည်။ ငွေဆောင်–ငရုတ်ကောင်း ကားလမ်းမှာ အရှည် ၃၂ မိုင် ဖြစ်ပြီး မြေသားလမ်းဖြစ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ငရုတ်ကောင်းမြို့မှ ရေယာဉ်ဖြင့် ထွက်ခွာလာကြရာ ကိုရန်ကြီးကျွန်းရှိ ချိုင့်လေးကျေးရွာသို့ ရောက်ရှိကြသည်။

### ပံ့ပိုးဖြည့်ဆည်းပေး

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် လိုအပ်သည်များကို ညှိနှိုင်းစီစဉ်ပေးပြီး တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးသည်။

### ထောက်ပံ့ပေးအပ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက အခြေခံပညာ မူလတန်းလွန်ကျောင်း မွမ်းမံပြင်ဆင်နိုင်ရန် ထောက်ပံ့ငွေများကို သက်ဆိုင်ရာ ကျောင်းအုပ်ဆရာကြီးထံပေးအပ်သည်။

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ကိုရန်ကြီးကျွန်းမှ ရေယာဉ်ဖြင့် ပြန်လည် ထွက်ခွာလာကြပြီး ငရုတ်ကောင်းမြို့ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ လူမှုရေးအသင်း အဖွဲ့များမှ တာဝန်ရှိသူများနှင့် ရပ်မိ ရပ်ဖများအား တွေ့ဆုံမှာကြားရာတွင် နိုင်ငံတော်က အဓိက သီးနှံ ၁၀မျိုးအပြင် ဒေသအတွင်းဖြစ်ထွန်းအောင်မြင်လျက်ရှိသည့် ငရုတ်ကောင်းကို ထူးထူးခြားခြား တိုးတက်အောင် စိုက်ပျိုးရန် လိုအပ်ကြောင်း၊ ထို့အပြင် ပြည်တွင်း ပြည်ပတွင် ဈေးကောင်းရရှိ၍ ဝင်ငွေတိုးပြီး ဒေသတွင်းအလုပ်အကိုင် အခွင့်အလမ်းရနိုင်မည့် ရော်ဘာကိုလည်း လျာထားချက်နှင့်အညီ စိုက်ပျိုးရမည် ဖြစ်ကြောင်း မှာကြားသည်။

### မှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ငရုတ်ကောင်းမြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး ဆေးရုံရှိ ခွဲစိတ်ခန်း မွမ်းမံပြင်ဆင်နိုင်ရန် ထောက်ပံ့ငွေများကို တာဝန်ခံဆရာဝန်ထံ ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ငရုတ်ကောင်းမြို့ ရဲစခန်းသို့ ရောက်ရှိပြီး တပ်ဖွဲ့ဝင် မိသားစုများအား ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

**(သတင်းစဉ်)**

## အချိန်အခါမဟုတ်မိုး

နေပြည်တော် မတ် ၁၅

**မြန်မာစံတော်ချိန် ယနေ့နံနက် ၉ နာရီခွဲ တိုင်းထွာချက်များအရ အနောက် လေစီးကြောင်းများအတွင်း ဖြစ်ပေါ်နေသော လေဖိအားနည်းချိုင့်ဝှမ်းများ၏ အရှိန်ကြောင့် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနက ထုတ်ပြန်ထားသည်။**

(သတင်းစဉ်)

## ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ထောက်ပံ့ငွေနှင့်ပစ္စည်းများပေးအပ်လှူဒါန်း

**ရန်ကုန် မတ် ၁၅**

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအဖွဲ့ခွဲက ကြီးမှူးကျင်းပသော ဘဝနေထိုင်နည်း တရားတော် ဟောပြောပွဲနှင့် ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်တိုင်း တွံတေးမြို့နယ် အလံအုပ်ကျေးရွာအနီးရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမျိုးသမီးများအား ပြုစုစောင့်ရှောက်ရေးဌာန (တွံတေး)၌ ကျင်းပရာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယကဒေါ်မာမာဝေ တက်ရောက်၍ ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ရှေးဦးစွာ ဧည့်ပရိသတ်များ၊ အမျိုးသမီးများအား ပြုစုစောင့်ရှောက်ရေးဌာနမှ ဝန်ထမ်းများနှင့် သင်တန်းသူများသည်သာသနဓဇမ္မာစရိယ ဒေါက်တာ အရှင်ခေမာသီရိ ဟောကြားတော်မူသော ဘဝနေထိုင်နည်းတရားတော်ကို နာယူကြသည်။

### ပေးအပ်လှူဒါန်း

ထို့နောက် ထောက်ပံ့ငွေနှင့် ပစ္စည်းလှူဒါန်းပွဲကို ခန်းမ၌ ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေက သင်တန်းဌာနအတွက် ငွေပဒေသာပင်ငွေကျပ် ၁၁၀၀၀၀ ကို ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းဌေးထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေနှင့် အဖွဲ့ဝင်များသည် သင်တန်းသူများအား အာဟာရ အစားအစာ၊ ဆေးဝါး၊ အသုံးအဆောင် ပစ္စည်းနှင့် အဝတ်အထည်များကို ထောက်ပံ့ပေးအပ်ကြပြီး **(အပေါ်ဝဲပုံ)** သင်တန်းသူများအား အသက်မွေးဝမ်းကျောင်း ပညာရပ်များ သင်ကြားပေးနေမှုများနှင့် သင်တန်းသူများ၏လက်ရာ လက်မှုပစ္စည်းများကို ကြည့်ရှု အားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## နိကာယ်သင်တန်းဖွင့်မည်

**ရန်ကုန် မတ် ၁၅**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဓမ္မသုခကျောင်းတိုက် အောင်သိဒ္ဓိကျောင်း စာချကထိကအာဂုံဆောင်ကျမ်းများနှင့် နိကာယ်အဖွင့်ကျမ်းများ ကျမ်းပြု အရှင်စန္ဒဇောတိ (ပါဠိပါရဂူ၊ ပိဋကတ်တစ်ပုံဆောင်)အရှင်မြတ်က အစိုးရနိကာယ်စာမေးပွဲဝင်ရောက် ဖြေဆိုကြမည့် ရဟန်း၊ သာမဏေ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များ လွယ်လင့်တကူ ဖြေဆိုနိုင်စေရန်ရည်သန်၍ ခုဒ္ဒက နိကာယ် ဝိနယ ပိဋကတ်လာ ဝိနည်းငါးကျမ်း ပါဠိတော်များကို ဧပြီ ၂၂ ရက်မှစ၍ ပို့ချမည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသူများသည် ဆရာတော် ဖုန်း–၀၁–၃၈၃၄၂၇၊ ၀၉–၅၁၃၉၃၀၇ တို့သို့ ဆက်သွယ်၍ ကြိုတင်စာရင်းပေးသွင်းကြရန်နှင့် စိတ်ဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

**(က–ပ)**

## ဥဇလမ်း (အောက်လမ်း) ဗုဒ္ဓဝိဟာရဓမ္မာရုံ ဒုတိယအကြိမ်မြောက်ဓမ္မပူဇာသဘင်ကျင်းပမည်

**ရန်ကုန် မတ် ၁၅**

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် အမှတ်၉၃/၉၅ရှိ ဗုဒ္ဓဝိဟာရဓမ္မာရုံကြီးတွင် နိုင်ငံကျော်ဓမ္မကထိက ဆရာတော်များ၏ ဒုတိယအကြိမ်မြောက် ဓမ္မပူဇာသဘင် အထူးတရားပွဲများကို မတ်၂၃ရက်မှ ၂၆ရက်အထိ လေးရက်တိုင်တိုင် ကျင်းပမည်ဖြစ်သည်။

မတ်၂၃ ရက် ည ၇ နာရီတွင် တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အရှင်သိရိန္ဒာဘိဝံသ (ယောဆရာတော်)ကလည်းကောင်း၊ ၂၄ ရက် (စနေနေ့) ညနေ၆နာရီခွဲတွင် မဇ္ဈိမဂုဏ်ရည် အရှင်ကောဝိဒ (Ph.D) ကလည်းကောင်း၊ ၂၅ရက် (တနင်္ဂနွေနေ့) ညနေ၆နာရီခွဲတွင် အရှင်အာစာရာလင်္ကာရ (စစ်ကိုင်း၊ ရွှေဟသ်ာ) ၁၀ ဘွဲ့ရကလည်းကောင်း၊ ၂၆ရက် (တနင်္လာနေ့) ည ၇ နာရီတွင် အရှင်ဇဝန (မေတ္တာရှင်၊ ရွှေပြည်သာ)က လည်းကောင်း တရားတော်များ ဟောကြားတော်မူမည်ဟုသိရသည်။

**(က–ပ)**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

# ရန်ကုန်တိုင်း မိုးစပါးစိုက်ပျိုးမှုလုပ်ငန်း အကောင်အထည်ဖော်ရေး ညှိနှိုင်းစည်းဝေး တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း တက်ရောက်မှာကြား

ရန်ကုန် မတ် ၁၅

**ရန်ကုန်တိုင်း ၂၀၀၇-၂၀၀၈ ခုနှစ်အတွက် မိုးစပါးစိုက်ပျိုးမှု (တစ်မိုးနှစ်သီး အပါအဝင်)လုပ်ငန်းအကောင်အထည်ဖော်ရေး ညှိနှိုင်းအစည်းအဝေးကို မတ် ၁၄ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဘဏ်လမ်းရှိ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။**

**ရှင်းလင်းတင်ပြ**

ထို့နောက် တိုင်းစိုက်ပျိုးရေးမန်နေဂျာ ဦးကြည်ဟန်က မိုးစပါး အထွက်နှုန်းတိုးရေးအတွက် လိုက်နာဆောင်ရွက်ရမည့် စိုက်ပျိုးရေး နည်းပညာရပ်များကို လည်းကောင်း၊ တိုင်းမြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးကြင်ထွန်းက တိုင်းအတွင်း စိုက်ပျိုးမြေရရှိမှုအခြေအနေ၊ စပါးစိုက်နည်းစနစ်နှင့် ပျိုးထောင်မှုအခြေအနေကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများက ၂၀၀၆-၂၀၀၇ ခုနှစ်၌ မိုးစပါး လျာထားဧက ကျော်လွန်အောင် စိုက်ပျိုးနိုင်ခဲ့မှု၊ ၂၀၀၇-၂၀၀၈ ခုနှစ်အတွက် မိုးစပါးစိုက်ပျိုးရန်လျာထားဧက၊ တစ်မိုးနှစ်သီးစိုက်ပျိုးရန် လျာထားဧကနှင့် လျာထားဧက ပြည့်မီကျော်လွန်စေရေးအတွက် စိုက်ပျိုးမည့် အစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပုဂ္ဂလိကစိုက်ပျိုးရေးလုပ်ငန်းရှင်များက စိုက်ပျိုးမြေရရှိမှု အခြေအနေ၊ မိုးစပါးစိုက်ပျိုးရန် လျာထားဧကနှင့် စိုက်ပျိုးမည့် အစီအစဉ်၊ စပါးအထွက်နှုန်း တိုးစေရေးအတွက် ဆောင်ရွက်မည့် အစီအစဉ်တို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးက တင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များ စီမံဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အမှာစကားပြောကြား

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း ရန်ကုန်တိုင်း ၂၀၀၇-၂၀၀၈ ခုနှစ်အတွက် မိုးစပါးစိုက်ပျိုးမှု (တစ်မိုးနှစ်သီးအပါအဝင်)လုပ်ငန်း အကောင်အထည်ဖော်ရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

# Leader,Leadership and Global View အကြောင်း ဆွေးနွေးဟောပြောပွဲကျင်းပ

**ရန်ကုန် မတ် ၁၅**

AMBO Co.,Ltd. နှင့် AMBO Hotel Group မှ Chairman ဒေါက်တာနေဇင်လတ်၏ Leader, Leadership and Global View ဆွေးနွေးဟောပြောပွဲကို မတ် ၁၀ ရက်က ရန်ကုန်မြို့ Parkroyal ဟိုတယ်၌ ကျင်းပရာ ဒေါက်တာနေဇင်လတ်က ခေါင်းဆောင်မှု (Leadership) ၏ အရေးကြီးပုံ၊ ခေါင်းဆောင်မှုပြဿနာ၊ ခေါင်းဆောင်မှုဆိုတာဘာလဲ၊ ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှု (Leadership and Management)၊ ထိရောက်သော ခေါင်းဆောင်များ (Effective Leaders)နှင့် ထိရောက်သော ခေါင်းဆောင်မှု (Effective Leadership) ဟူသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးဟောပြောသည်။ ဆွေးနွေးဟောပြောပွဲအပြီးတွင် တက်ရောက်လာသူအချို့၏ မေးမြန်းချက်များကို ဒေါက်တာနေဇင်လတ်က ပြန်လည် ရှင်းလင်းဖြေကြားသည်။

အဆိုပါ ဆွေးနွေးဟောပြောပွဲကို တူဒေးစာကြည့်တိုက်၏ လစဉ်ထုတ် မဂ္ဂဇင်းတစ်စောင်ဖြစ်သည့် CEO စီးပွားရေးနှင့် စီမံခန့်ခွဲမှုမဂ္ဂဇင်းက စီစဉ်ပြီး Adam University နှင့် SMART Technical Services Co., Ltd. တို့က ပံ့ပိုးကူညီ၍ အခမ်းအနားတွင် တူဒေးတိုက်ထုတ် စာအုပ်အချို့ကို ဆယ်ရာခိုင်နှုန်း လျှော့နှုန်းဖြင့် ရောင်းချခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

**AMBO Co., Ltd. နှင့် AMBO Hotel Group မှ Chairman ဒေါက်တာနေဇင်လတ် Leader, Leadership and Global View ကို ဆွေးနွေးဟောပြောစဉ်။** (သတင်းစဉ်)

# ဓမ္မရောင်ခြည် အပတ်စဉ်တရားပွဲ

**ရန်ကုန် မတ် ၁၅**

ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် ရွှေတိဂုံဘုရားလမ်း သိမ်ကြီးဈေး စီရုံ အမှတ် ၉၀ အဆောင် ၄ ပထမထပ်ရှိ ဓမ္မရောင်ခြည် ဓမ္မဒါနလုပ်ငန်း (ပင်မ)၌ အပတ်စဉ် စနေနေ့တိုင်း တရားပွဲများကျင်းပလျက်ရှိရာ မတ် ၁၇ ရက် (စနေနေ့) နံနက် ၉ နာရီက ဆရာတော် အရှင်သာဂရ (ရေစကြို) (ဓမ္မာစရိယ ဘီအေ၊ အင်္ဂလိပ်စာ-ဒီပလိုမာ)က တရားတော်များ ဟောကြား ချီးမြှင့်မည်ဟု သိရသည်။ **(က-ပ)**

### ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
### မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
### မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

# ရန်ကုန်တိုင်းအတွင်း ငှက်မြေကျသေဆုံးမှုများအပေါ် စစ်ဆေးချက်သတင်း

**ရန်ကုန် မတ် ၁၅**

၁။ **ငှက်မြေကျသေဆုံးမှု။** ၁၀-၃-၂၀၀၇ ရက်မှ ၁၅-၃-၂၀၀၇ ရက်အထိ ရန်ကုန်တိုင်းမြို့နယ်များတွင် ကျီး၊ ခို၊ စာကလေး မြေကျသေဆုံးမှုမှာ အောက်ပါအတိုင်းဖြစ်ပွားခဲ့ကြောင်း။

| နေ့စွဲ | မြို့နယ် | ကျီး | ခို | စာကလေး | ပေါင်း |
|---|---|---|---|---|---|
| ၁၀-၃-၂၀၀၇ | အလုံ၊ ရွှေပြည်သာ၊ အင်းစိန်၊ မင်္ဂလာဒုံ၊ ပုဇွန်တောင်၊ မရမ်းကုန်း | ၆ | ၃ | - | ၉ |
| ၁၁-၃-၂၀၀၇ | အင်းစိန်၊ ပုဇွန်တောင်၊ ကြည့်မြင်တိုင်၊ ပန်းဘဲတန်း၊ သာကေတ၊ လှိုင်သာယာ၊ လှိုင် | ၅ | ၄ | - | ၉ |
| ၁၂-၃-၂၀၀၇ | စမ်းချောင်း၊ လှိုင်၊ သဃ်္ဃန်းကျွန်း၊ ဒေါပုံ၊ မရမ်းကုန်း၊ ဒဂုံမြို့သစ် | ၃ | ၃ | - | ၆ |
| ၁၃-၃-၂၀၀၇ | မရမ်းကုန်း၊ ဒဂုံမြို့သစ်၊ မင်္ဂလာဒုံ၊ အင်းစိန်၊ ဆိပ်ကြီးခနောင်တို | ၃ | ၂ | ၁ | ၆ |
| ၁၄-၃-၂၀၀၇ | ပုဇွန်တောင်၊ မှော်ဘီ၊ သာကေတ | ၅ | - | - | ၅ |
| ၁၅-၃-၂၀၀၇ | အင်းစိန် | ၂ | ၁ | - | ၃ |
| **စုစုပေါင်း** | | ၂၄ | ၁၃ | ၁ | ၃၈ |

၂။ **စစ်ဆေးတွေ့ရှိချက်**

(က) **ကြက်ငှက်တုပ်ကွေးရောဂါ။** စစ်ဆေးမတွေ့ရှိပါ။

(ခ) မြေကျသေဆုံးမှုအကြောင်းရင်း။ ငှက်အများစုမှာ အပူရှပ်၊ နာတာရှည်၊ အသက်ရှူလမ်းကြောင်းရောဂါ၊ အူရောင်၊ ကျောက်ပေါက်၊ ထိခိုက်ဒဏ်ရာ၊ အဆိပ်အတောက်ကြောင့် သေဆုံးကြောင်း။

၃။ **ဖြစ်စဉ်အပေါ်သုံးသပ်ချက်**

(က) ငှက်များမြေကျသေဆုံးမှု လျော့နည်းလာကြောင်း။

(ခ) ကြက်ငှက်တုပ်ကွေးရောဂါကြောင့် သေဆုံးမှုမဟုတ်ကြောင်း။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန။**

### ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
### မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
### မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

# ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ သတိပေးနှိုးဆော်ချက်

**ရန်ကုန် မတ် ၁၅**

၁။ **ကြက်ငှက်တုပ်ကွေးရောဂါ စစ်ဆေးတွေ့ရှိမှု။** ရန်ကုန်တိုင်းမြို့နယ်များအတွင်း မွေးမြူရေးခြံများတွင် အောက်ပါအတိုင်း ကြက်ငှက်တုပ်ကွေးရောဂါ စစ်ဆေးတွေ့ရှိခဲ့ပါကြောင်း။

| နေ့စွဲ | မြို့နယ် | မွေးမြူရေးခြံ | မှတ်ချက် |
|---|---|---|---|
| ၂၈-၂-၂၀၀၇ | မရမ်းကုန်း | ဥစားကြက်/ဘဲခြံ(၁)ခြံ | H5 N1 အတည်ပြု |
| ၂-၃-၂၀၀၇ | လှိုင်သာယာ | ဥစားကြက်ခြံ(၁)ခြံ | H5 N1 အတည်ပြု |
| ၁၃-၃-၂၀၀၇ | မြောက်ဥက္ကလာပ | ရစ်ခြံ(၁)ခြံ | သံသယ၊ H5N1 အတည်ပြုစစ်ဆေးဆဲ |
| ၁၃-၃-၂၀၀၇ | မင်္ဂလာဒုံ | ငုံးခြံ(၁)ခြံ | သံသယ၊ H5N1 အတည်ပြုစစ်ဆေးဆဲ |

၂။ **ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်မှုအရေးယူဆောင်ရွက်ချက်**

**(က) ကန့်သတ်ဇုန် ( Restricted zone)**

| နေ့စွဲ | မြို့နယ် | ဇုန်သတ်မှတ်ချက် |
|---|---|---|
| ၁-၃-၂၀၀၇ | မရမ်းကုန်း | ရောဂါဖြစ်ကြက်ခြံပတ်ဝန်းကျင် (၁)ကီလိုမီတာ |
| ၃-၃-၂၀၀၇ | လှိုင်သာယာ | ရောဂါဖြစ်ကြက်ခြံပတ်ဝန်းကျင် (၁)ကီလိုမီတာ |
| ၁၄-၃-၂၀၀၇ | မြောက်ဥက္ကလာပ | ရောဂါဖြစ်ရစ်ခြံပတ်ဝန်းကျင် (၁)ကီလိုမီတာ |
| ၁၄-၃-၂၀၀၇ | မင်္ဂလာဒုံ | ရောဂါဖြစ်ငုံးခြံပတ်ဝန်းကျင် (၁)ကီလိုမီတာ |

**(ခ) ထိန်းချုပ်ရေးဇုန်(Control zone)**

| နေ့စွဲ | မြို့နယ် | ဇုန်သတ်မှတ်ချက် |
|---|---|---|
| ၁-၃-၂၀၀၇ | မရမ်းကုန်း၊ တောင်ဥက္ကလာပ၊ ရန်ကင်း | မြို့နယ်အလိုက် |
| ၃-၃-၂၀၀၇ | လှိုင်သာယာ | မြို့နယ်အလိုက် |
| ၁၄-၃-၂၀၀၇ | မြောက်ဥက္ကလာပ | မြို့နယ်အလိုက် |
| ၁၄-၃-၂၀၀၇ | မင်္ဂလာဒုံ | မြို့နယ်အလိုက် |

၃။ **တိရစ္ဆာန်ကျန်းမာရေး သတိရှိရေး**

(က) **ရောဂါထိန်းချုပ်မှု ထိရောက်ရေး**

(၁) ကန့်သတ်ဇုန် ရောဂါဖြစ်ကြက်ခြံ၊ သံသယဖြစ်ဖွယ်ကြက်ခြံ၊ ရောဂါကျရောက်ကူးစက်နိုင်သည့် တိုင်းရင်းကြက်များ သုတ်သင်ဖျက်ဆီးမှုတွင် လိုက်နာပူးပေါင်းဆောင်ရွက်ရန်။

(၂) **ထိန်းချုပ်ရေးဇုန်**

- ကန့်သတ်ဇုန်၏ ပြင်ပ ၆ ကီလိုမီတာ အဝန်းအဝိုင်းအတွင်း ကြက်၊ ဘဲ၊ ငုံးနှင့် ၎င်းတိရစ္ဆာန်ထွက်ပစ္စည်းများ ရွှေ့ပြောင်းသယ်ယူပို့ဆောင်မှု ကန့်သတ်ချက်ကို လိုက်နာဆောင်ရွက်ရန်၊
- မြို့နယ်အလိုက် ဈေးများတွင် ကြက်၊ ဘဲ၊ ငုံးနှင့် ၎င်းတိရစ္ဆာန်ထွက်ပစ္စည်းများ ရောင်းချမှု ကန့်သတ်ချက်ကို လိုက်နာဆောင်ရွက်ရန်။

(ခ) **ပူးပေါင်းဆောင်ရွက်ရေး။** ရောဂါထိန်းချုပ် မြို့နယ်များအတွင်း ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ ဇီဝလုံခြုံရေး၊ပြည်သူလူထုကျန်းမာရေး၊ ကြက်၊ ဘဲ၊ ငုံးနှင့် ၎င်းတိရစ္ဆာန်ထွက်ပစ္စည်းများ ရွှေ့ပြောင်းသယ်ယူပို့ဆောင်မှုနှင့် ရောင်းချမှုကန့်သတ်ချက်များအား ကြီးကြပ်ဆောင်ရွက်နေသည့် ဒေသအာဏာပိုင်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့နှင့် ပူးပေါင်းဆောင်ရွက်ကြပါရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန။**

# ကလေးများအတွက် ပိုင်းဝန်းလို့ ဝက်သက်ရောဂါတိုက်ဖျက်စို့

မြန်မာနိုင်ငံဟာ ကာကွယ်ဆေးထိုးနှံခြင်းဖြင့် ကာကွယ်နိုင်သော ရောဂါခုနစ်မျိုးဖြစ်တဲ့ ဆုံဆို့နာ၊ ကြက်ညှာချောင်းဆိုး၊ မေးခိုင်ရောဂါ၊ တီဘီရောဂါ၊ ဝက်သက်ရောဂါ၊ သူငယ်နာအကြောသေရောဂါနှင့် အသည်းရောင်အသားဝါ ဘီရောဂါတွေကို ၁၉၇၈ခုနှစ်ကတည်းက အသက်တစ်နှစ်အောက်ကလေးတွေကို ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးခြင်းအားဖြင့် ကာကွယ်ပေးလျက်ရှိပါတယ်။ ကာကွယ်ဆေးကို စနစ်တကျထိုးနှံပေးခဲ့လို့လည်း ဒီရောဂါတွေကြောင့် ဖြစ်ပွားသေဆုံးမှုဟာ သိသာထင်ရှားစွာ ကျဆင်းလာနေပါပြီ။ ပိုလီယိုအကြောသေရောဂါဆိုးကြီးကိုလည်း ၂၀၀၃ခုနှစ် ဖေဖော်ဝါရီလ ၁၃ရက်နေ့က မြန်မာနိုင်ငံမှ မောင်းထုတ်နိုင်ခဲ့တဲ့ အောင်မြင်မှုအသီးအပွင့်တွေခံစားနေရပြီး အောင်မြင်မှုကို ဆက်လက်ထိန်းသိမ်းထားနိုင်ဖို့ ကြိုးစားနေဆဲကာလ ဖြစ်ပါတယ်။ မွေးကင်းစ မေးခိုင်ရောဂါ ကင်းဝေးရေးရည်မှန်းချက်ဟာလည်း အောင်မြင်ဖို့ လက်တစ်ကမ်းမှာ ရောက်ရှိနေပါပြီ။ ဒီတစ်ခါ ဝက်သက်ရောဂါကို ဖြစ်ပွားသေဆုံးမှု လျော့နည်းစေရေးမှသည် ကင်းဝေးစေရေးအထိ ရောက်ရှိသွားအောင် ဆက်လက်တွန်းလှန် တိုက်ဖျက်ရမယ့်အချိန် ရောက်ရှိလို့ လာပါပြီ။

ဝက်သက်ရောဂါဟာ နှစ်စဉ်ကလေးငယ်များစွာကို အသက်ဆုံးရှုံးစေသော ကြောက်မက်ဖွယ် ရောဂါတစ်ခုဖြစ်ပါတယ်။

ဝက်သက်ဗိုင်းရပ်စ်ရောဂါပိုးကြောင့်ဖြစ်ပွားသောရောဂါဖြစ်ပါတယ်။ ဝက်သက်ရောဂါကိုဖြစ်စေသောဗိုင်းရပ်စ်ပိုးသည် လေထဲမှတစ်ဆင့် ရောဂါရှိသူ၏ အသက်ရှူလမ်းကြောင်းအတွင်းသို့ အမှုန်များနှင့်ရောနှော၍ ရှူရှိုက်မိသဖြင့် လည်းကောင်း၊ ရောဂါရှိသူ၏ နှပ်၊ ချွဲ သလိပ်များနှင့် တိုက်ရိုက် ထိတွေ့၍သော်လည်းကောင်း ကူးစက်နိုင်ပါတယ်။ သူ့ရဲ့ရောဂါပျိုးရက်ကတော့ ရှစ်ရက်မှ ၁၃ ရက်အထိ ကြာတတ်ပါတယ်။

ဝက်သက်ရောဂါရဲ့လက္ခဏာများကတော့ ချောင်းဆိုးခြင်း၊ ဖျားခြင်း၊ အနီစက်များထွက်ခြင်းတို့ ဖြစ်ပါတယ်။ ဝက်သက်ရောဂါဟာ အအေးမိခြင်းကဲ့သို့ အလွယ်တကူဖြစ်နိုင်ပြီး အလွန်ကူးစက် မြန်ပါတယ်။

ရောဂါဖြစ်စ တစ်ရက်မှ သုံးရက်အတွင်းမှာ ကလေးဟာ အအေးမိသလို နှာချေ၊ချောင်းဆိုးပြီး အနည်းငယ်ဖျားပါမယ်။ မျက်ရည်ဝဲပြီး မျက်လုံးနီရောင် သန်းလာပါမယ်။ အဲ့ဒီနောက်မှာ အလင်းရောင်ကို ကလေးမကြည့်ချင်တော့ဘဲ နဖူးနှင့် မျက်နှာပေါ်မှာ အနီပြောက်ကလေးများ ပေါ်စပြုလာပါလိမ့်မယ်။ နားရွက်၏အနောက်မှာ အနီအပြောက်ကလေး များ တွေ့ရတတ်ပါတယ်။

ရောဂါဖြစ်ပြီး သုံးရက်မှ လေးရက်အတွင်းမှာတော့ မျက်လုံးနီလာပြီး မျက်ဝတ်များ ထွက်လာပါမယ်။ မျက်နှာ အနီပြောက်အစုကလေးများ သိသိသာသာ ထွက်လာပါမယ်။ တစ်ကိုယ်လုံးကို အနီပြောက်စုကလေး များ ပျံ့နှံ့သွားပါလိမ့်မယ်။

အဲဒီနောက် လေးရက်မှ ခြောက်ရက်အတွင်းမှာ အနီစက်ကလေး များ စတင်ပျောက်စပြုလာပြီး မှေးမှိန်လာပါမယ်။ အရေခွံကွာစပြုပြီး မကြာမီ အဖတ်ကလေးများ ကွာကျလာပါလိမ့်မယ်။

ဝက်သက်အထွက်ကြမ်းတဲ့ ကလေးများမှာ ဝမ်းလျှောတတ်ပါတယ်။ နမိုးနီးယား( ခေါ် )အဆုတ်ရောင်ရောဂါ ဖြစ်တတ်ပါတယ်။ တချို့ကလေး တွေမှာ ဖျားပြီးတက်ခဲ့ရင်တော့ ဦးနှောက်ထိခိုက်တတ်ပါတယ်။

ဝက်သက်ရောဂါကြောင့် အာဟာရချို့တဲ့နိုင်သလို အာဟာရ ချို့တဲ့သည့် ကလေးများမှာ ဝက်သက်ပေါက်ရင် အသက်ကိုအန္တရာယ်ပြုနိုင်ပါတယ်။ အာဟာရချို့တဲ့ပြီး ကိုယ်ခံစွမ်းအား ကျဆင်းနေပါသဖြင့် ဝက်သက်ကို ခုခံနိုင်စွမ်းမရှိတော့ပါ။

နောက်ဆက်တွဲ ရောဂါလက္ခဏာများမှာ အဆုတ်ရောင်ခြင်း၊ ဝမ်းပျက် ဝမ်းလျှောခြင်း၊ နားပြည်ယိုခြင်း၊ မျက်စိကွယ်ခြင်း၊ ဦးနှောက်ရောင်ခြင်းနှင့် အသက်ဆုံးရှုံးခြင်းတို့ ဖြစ်ပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံများမှာ ဝက်သက်ရောဂါကြောင့် သေဆုံးမှုနှုန်းဟာ ခန့်မှန်းခြေ ၃ ရာခိုင်နှုန်းမှ ၆ ရာခိုင်နှုန်းအတွင်းမှာ ရှိပါတယ်။

ဝက်သက်ရောဂါမဖြစ်ပွားအောင် ကာကွယ်နိုင်မယ့် တစ်ခုတည်းသောနည်းလမ်းကတော့ ကလေးအသက် ကိုးလအရွယ်မှာ ဝက်သက် ကာကွယ်ဆေး ထိုးနှံပေးခြင်းပဲ ဖြစ်ပါတယ်။

မြန်မာကလေးတိုင်း ဝက်သက်ရောဂါကို ခုခံနိုင်စွမ်းရှိဖို့ လိုအပ်ပါတယ်။ အသက် ကိုးလမှ တစ်နှစ် အရွယ်တွင် ဝက်သက်ကာကွယ်ဆေးထိုးနှံထားရန် လိုအပ်ပါတယ်။ သို့သော် ပထမဆုံးအကြိမ် ဝက်သက်ကာကွယ်ဆေးထိုးပြီးသော ကလေးငယ်များ၏ ၈၅ရာခိုင်နှုန်းသည်သာ ဝက်သက်ရောဂါကို ခုခံနိုင်စွမ်း ရရှိကြပါတယ်။ နှစ်စဉ် ဤရောဂါ ဖြစ်ပွားနိုင်ခြေရှိသော ကလေးအရေအတွက်မှာ သုံးသိန်းသုံးသောင်းခန့် ရှိနိုင်ပါတယ်။

မြန်မာနိုင်ငံဟာ ဝက်သက်ရောဂါ ကင်းဝေးသည့် အခြေအနေ ဖြစ်အောင် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလို ဆောင်ရွက်ရာမှာ နည်းလမ်း လေးသွယ်ချမှတ်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။

ပထမနည်းလမ်းကတော့ ပုံမှန်ဝက်သက်ကာကွယ်ဆေး ထိုးနှံပေးခြင်းဖြစ်ပါတယ်။ ဒီနည်းကို မြန်မာနိုင်ငံမှာ ၁၉၈၇ခုနှစ်ကတည်းက စတင်ဆောင်ရွက်ခဲ့ပါတယ်။ ကလေးတစ်ယောက် မွေးဖွားလာပြီး အသက် ကိုးလအရွယ်မှာ ဝက်သက်ကာကွယ်ဆေး ထိုးနှံပေးခြင်းပဲ ဖြစ်ပါတယ်။ တကယ်လို့ ကလေးတစ်ယောက်ဟာ ဝက်သက်ကာကွယ်ဆေး ထိုးနှံလိုက်ရရင် ဝက်သက်ရောဂါကို ကာကွယ်နိုင်မှာဖြစ်ပါတယ်။ ဒါပေမယ့် အကြောင်းကြောင်းကြောင့် မထိုးလိုက်ရဘဲ လွတ်သွားတဲ့ ကလေးတွေဟာ တစ်နှစ် တစ်နှစ်မှာ ၂၀ရာခိုင်နှုန်းမှ ၂၅ရာခိုင်နှုန်းကျော် ကျန်တတ်တာမို့ ဒီနည်းတစ်မျိုးတည်းနဲ့ ဝက်သက်ရောဂါ ပပျောက်သွားဖို့ စိတ်ချအားထားရတဲ့ နည်းမဟုတ်သေးပါဘူး။

ဒါ့ကြောင့် ပုံမှန်ကာကွယ်ဆေးထိုးတဲ့ လုပ်ငန်းနည်းဗျူဟာ တစ်မျိုးထဲနဲ့ ပြီးပြည့်စုံခြင်း မဖြစ်နိုင်လို့ ဒုတိယနည်းဗျူဟာဖြစ်တဲ့ ဝက်သက်ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်း နည်းဗျူဟာကို ချမှတ်ကျင့်သုံးရပါတယ်။ ဒီနည်းဗျူဟာကတော့ အသက်ကိုးလမှ ငါးနှစ်အောက် ကလေးတွေကို စုစည်းပြီး ဝက်သက်ကာကွယ်ဆေးကို အပိုဆောင်း တစ်ကြိမ် ထပ်မံထိုးနှံပေးခြင်းပဲ ဖြစ်ပါတယ်။ ဒီလိုထိုးနှံပေးရာမှာ အရင်ကကာကွယ်ဆေးထိုးခဲ့ဖူးခြင်း ရှိ-မရှိကို ထည့်သွင်းမစဉ်းစားဘဲ တစ်ကြိမ် ထပ်မံထိုးဖြစ်အောင် ထိုးတာပါပဲ။ ဒါကို ဝက်သက်ကာကွယ်ဆေး ဒုတိယအခွင့်အလမ်းပေးခြင်းလို့ ခေါ်ပါတယ်။ ဒုတိယအကြိမ် ဝက်သက်ကာကွယ်ဆေးထိုးအခွင့်အရေးပေးခြင်းရဲ့ အဓိက ရည်ရွယ်ချက်ကတော့ အသက် ကိုးလတွင် ထိုးပေးသော ဝက်သက်ကာကွယ်ဆေး၏ ကာကွယ်မှုပေးနိုင်သော စွမ်းရည်မှာ ၈၅ ရာခိုင်နှုန်းသာ ရှိပါတယ်။ ဒါ့ကြောင့် ကျန်တဲ့ ၁၅ရာခိုင်နှုန်းသော ကလေးငယ်များမှာ ကာကွယ်ဆေးထိုးပြီးသော်လည်း ကာကွယ်မှု မရကြပါ။ ထို့ကြောင့် ကာကွယ်မှုမရသော ကလေးငယ်များကို ကာကွယ်နိုင်ရန် ဒုတိယအကြိမ်အခွင့်အလမ်းပေး၍ ကာကွယ်ဆေးထိုးပေးခြင်း ဖြစ်ပါတယ်။ ယခင်က ကာကွယ်ဆေးထိုးပြီးသော ကလေးများကို ထပ်မံထိုးခြင်းကြောင့် အန္တရာယ်မဖြစ်နိုင်ပါ။

## ဒေါက်တာသန်းထိန်ဝင်း
## (စီမံချက်မန်နေဂျာ-တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း)

ယခုပြုလုပ်မယ့် ဝက်သက်ရောဂါကာကွယ်နှိမ်နင်းရေး စုစည်းမဟာဗျူဟာများ အကောင်အထည်ဖော်ခြင်း စီမံချက် ၂၀၀၇ခုနှစ်သည် ကလေးများအတွက် ကြောက်စရာကောင်းတဲ့ ဝက်သက်ရောဂါမှ ကာကွယ်နိုင်မယ့် အလွန်ကောင်းမွန်သော အခွင့်အလမ်းတစ်ရပ် ဖြစ်ပါတယ်။ ဒီအစီအစဉ်မှာ အဓိကလုပ်ငန်းနှစ်ရပ်ရှိပါတယ်။ မြန်မာနိုင်ငံရဲ့ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းတွင် ယခင်က ဝက်သက်ကာကွယ်ဆေးကို အသက် ကိုးလအရွယ်မှာ တစ်ကြိမ်သာ ထိုးနှံပေးလျက်ရှိရာမှ ယခုအခါ အသက် တစ်နှစ်ခွဲမှာ ဒုတိယအကြိမ် ထပ်မံထိုးနှံပေးသွားမှာ ဖြစ်ပါတယ်။ ဆက်လက်ပြီး ဒုတိယအခွင့်အလမ်းပေးရန် လိုအပ်သော အသက်ကိုးလမှ ငါးနှစ်အောက် ကလေးများအားလုံးကို ဝက်သက်ကာကွယ်ဆေး အပိုဆောင်းတစ်ကြိမ် ထပ်မံထိုးနှံပေးသွားမှာ ဖြစ်ပါတယ်။ အသက်ကိုးလမှ ငါးနှစ်အရွယ်ထိ ကလေးတိုင်းအား ဝက်သက်ကာကွယ်ဆေးကို မပျက်မကွက် ထိုးနှံပေးသွားမယ့် အစီအစဉ်ပဲ ဖြစ်ပါတယ်။

စီမံကိန်းကို သုံးကြိမ်ခွဲပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပထမအကြိမ်အနေနဲ့ကတော့ ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းတို့မှာ ၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၁၄ရက်နေ့မှ ၂၇ရက်နေ့အထိ ကျင်းပခဲ့ပါတယ်။ ဒုတိယအကြိမ်ကတော့ ၂၀၀၇ ခုနှစ် မတ်လ ၁၇ရက်နေ့မှ ၃၀ရက်နေ့အထိ ပြည်နယ်များအားလုံးနှင့် တနင်္သာရီတိုင်း၊ စစ်ကိုင်းတိုင်း(အထက်ပိုင်း)မှ မြို့နယ်အားလုံးမှာ လည်းကောင်း၊ တတိယအကြိမ်ကတော့ ၂၀၀၇ ခုနှစ် မေလ ၁၄ရက်နေ့မှ ၂၇ရက်နေ့အထိတွင် ကျန်တိုင်းများဖြစ်ကြသော ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်း(အောက်ပိုင်း)ရှိ မြို့နယ်များမှာ လည်းကောင်း၊ အသက် ကိုးလမှ ငါးနှစ်အတွင်းမှာရှိတဲ့ ကလေးများအားလုံးကို ဝက်သက်ကာကွယ်ဆေး အပိုဆောင်းတစ်ကြိမ် ထပ်မံထိုးနှံပေးသွားမှာ ဖြစ်ပါတယ်။

**“ဝက်သက်ရောဂါ ကာကွယ်နှိမ်နင်းရေး စုစည်းမဟာဗျူဟာများ အကောင်အထည်ဖော်ရေးစီမံချက် ၂၀၀၇”**တွင် ကာကွယ်ဆေးထိုးပေးနေစဉ် အန္တရာယ်ကင်းစွာ ဆေးထိုးနှံနိုင်စေရန် အထူးဂရုပြု ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကာကွယ်ဆေးထိုး ကိရိယာအသစ်ဖြစ်သော တစ်ခါသုံးဆေးထိုးအပ်များကို အသုံးပြုသွားမှာဖြစ်ပါတယ်။ သို့မှသာ သွေးမှတစ်ဆင့် ကူးစက်တတ်သော အသည်းရောင်အသားဝါ(ဘီ)ပိုး၊ (စီ)ပိုး၊ (HIV)ပိုးများ ကူးစက်ပြန့်ပွားမှုကို ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။

တတိယနည်းဗျူဟာကတော့ ဝက်သက်ရောဂါဖြစ်ပွားသေဆုံးမှုကို တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ရောဂါထောက်လှမ်းရေးစနစ်ကို ပီပြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းပဲ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ခြင်းအားဖြင့် ရောဂါဖြစ်ပွားပုံ၏ အတိမ်အနက်ကို တိတိကျကျ သိရှိလာမှာဖြစ်ပြီး ထိရောက်သော ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို စနစ်ကျစွာ အလေးထားဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ချမှတ်ထားသော ရည်မှန်းချက်များကို သတ်မှတ်အချိန်ဇယားအတိုင်း အချိန်မီဆောင်ရွက်နိုင်ရေး အလေးပေးလာနိုင်မှာ ဖြစ်ပါတယ်။

စတုတ္ထနည်းဗျူဟာကတော့ ဝက်သက်ရောဂါဖြစ်ပွားသော ကလေးငယ်များကို ထိရောက်သော စနစ်ကျသည့် ကုသမှုပေးခြင်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ဝက်သက်ရောဂါ ပပျောက်ရေးဆိုင်ရာ နည်းဗျူဟာ လေးရပ်စလုံးကို တစ်ပြိုင်နက်တည်း ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီနည်းဗျူဟာမှာ ဗီတာမင်အေ အပိုဆောင်းတိုက်ကျွေးခြင်းနှင့် ဝက်သက်ရောဂါရဲ့ နောက်ဆက်တွဲဆိုးကျိုးများကို လုံလောက်သော ပြုစုကုသမှုပေးခြင်းတို့ကို အားဖြည့်ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

**“ဝက်သက်ရောဂါ ကာကွယ်နှိမ်နင်းရေး စုစည်းမဟာဗျူဟာများ အကောင်အထည်ဖော်ရေး စီမံချက် ၂၀၀၇”**ကို ဆောင်ရွက်နေသော်လည်း ပုံမှန် ဝက်သက်ကာကွယ်ဆေးထိုးခြင်းကိုလည်း အရှိန်အဟုန်မြှင့်၍ ဆက်လက်ထိုးပေးရမှာ ဖြစ်ပါတယ်။ အရေးကြီးတာကတော့ ပုံမှန် ဝက်သက်ကာကွယ်ဆေးထိုး လွှမ်းခြုံမှုကို အနည်းဆုံး ၉၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ရရှိပြီး ဆက်လက်ထိန်းသိမ်းနိုင်ရန် လိုအပ်ပါတယ်။ ပုံမှန်ကာကွယ်ဆေးထိုးခြင်းဟာ ဝက်သက်ရောဂါ ကာကွယ်နှိမ်နင်းရေးရဲ့ အထိရောက်ဆုံး အခြေခံအုတ်မြစ်တစ်ခု ဖြစ်ပါတယ်။ ပုံမှန်ကာကွယ်ဆေးထိုး လွှမ်းခြုံမှု နည်းရင် ဒုတိယအကြိမ် အခွင့်အလမ်းပေးပြီး အပိုဆောင်းကာကွယ်ဆေးထိုးခြင်းဟာ ထိရောက်မှုရှိမှာ မဟုတ်တော့ပါဘူး။ ဒါကြောင့် ဒီနှစ်မှာ စတင်ထည့်သွင်း ဆောင်ရွက်သွားမယ့် အသက်တစ်နှစ်ခွဲမှာ ဒုတိယအကြိမ် ဝက်သက်ကာကွယ်ဆေး ထပ်မံထိုးနှံခြင်းကိုလည်း လွှမ်းခြုံမှုကောင်းအောင် ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

အာဟာရချို့တဲ့သော ကလေးများကို အထူးဦးစားပေး၍ ကာကွယ်ဆေးထိုးပေးရန် လိုအပ်ပါတယ်။ ယင်းကဲ့သို့သော ကလေးမျိုးတွင် ဝက်သက်ရောဂါဖြစ်ပါက အာဟာရချို့တဲ့မှုကို ပိုမိုဆိုးရွားနိုင်စေပြီး နောက်ဆက်တွဲပြဿနာများ ပိုမိုဖြစ်စေကာ အသက်ဆုံးရှုံးနိုင်ပါတယ်။ ဗီတာမင်အေ မတိုက်ကျွေးရသေးသော ကလေးများတွင် သေဆုံးမှုနှုန်း ပိုမိုများလာစေပါတယ်။

ဝက်သက်ကာကွယ်ဆေး ထိုးပြီးနောက် ပြင်းထန်ဆိုးရွားသော ဆိုးကျိုးများ မရှိနိုင်ပါဘူး။ ကာကွယ်ဆေးထိုးပြီးတဲ့ကလေး ၁၀ရာခိုင်နှုန်းသည် အနည်းငယ်ဖျားခြင်းသာ ဖြစ်နိုင်ပါတယ်။ ငါးရာခိုင်နှုန်းတွင် တစ်ကိုယ်လုံးအနှံ့ အဖုအပိမ့်များ ထွက်၍ တစ်ရက်မှ သုံးရက်ကြာနိုင်ပါတယ်။ ကာကွယ်ဆေးထိုးပြီးနောက် ခုနစ်ရက်မှ ၁၀ရက်အတွင်း အပိမ့်များ ပေါ်လာနိုင်ပါတယ်။ အကယ်၍ ဆေးထိုးပြီး ကလေးဟာ **“တက်မယ်”** ဆိုရင် ကျန်းမာရေးဆရာမ ဒါမှမဟုတ် ကျန်းမာရေးဌာနသို့ အမြန်ဆုံး ပြန်လည်ပြသသင့်ပါတယ်။ ကုသမှုပေးနိုင်ရန် ဆရာဝန်များကိုလည်း တာဝန်ချထားပေးပါတယ်။

အစုလိုက် ဝက်သက်ကာကွယ်ဆေး ထိုးနှံခြင်းကို ရာနှုန်းပြည့် အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးဟာ ဝက်သက်ရောဂါ ပပျောက်ရေး အတွက် အလွန်အရေးကြီးပါတယ်။ ဒါကြောင့် မိဘပြည်သူများ သိရှိလိုက်နာရန် အဓိကအချက်တွေကတော့-

**(၁) ကိုးလအထက်နှင့် ငါးနှစ်အောက်ရှိ သင့်ကလေးငယ်များအား ကာကွယ်ဆေးထိုးစုရပ်သို့ ခေါ်ဆောင်သွားရန် လိုအပ်ပါတယ်။**

**(၂) သင့်ကလေးဆေးထိုးရန် ကာကွယ်ဆေးထိုးစုရပ်နှင့် ဆေးထိုးရမည့် ရက်ကို သက်ဆိုင်ရာမှ အကြောင်းကြားမှာ ဖြစ်ပါတယ်။**

**(၃) ကျွမ်းကျင်သော ကျန်းမာရေးဝန်ထမ်းများက ကလေးတစ်ဦးလျှင် တစ်ခါသုံးဆေးထိုးအပ် တစ်ချောင်းစီဖြင့် ကာကွယ်ဆေးထိုးနှံပေးကြမှာ ဖြစ်ပါတယ်။**

**(၄) ကာကွယ်ဆေးကို ကလေး၏ လက်ဝဲလက်မောင်းပေါ်တွင် ထိုးပေးမှာ ဖြစ်ပါတယ်။**

မြန်မာနိုင်ငံမှာ ပိုလီယိုအကြောသေ ရောဂါဆိုးကြီးပပျောက်အောင် ဆောင်ရွက်စဉ်ကာလမှာ ပြည်သူလူထုတစ်ရပ်လုံးနှင့် စေတနာ့ ဝန်ထမ်းအဖွဲ့အစည်းများရဲ့ ကူညီပါဝင်ပံ့ပိုးခဲ့လို့ အောင်မြင်ခဲ့ရသလို မြန်မာနိုင်ငံမှာ ဝက်သက်ရောဂါကြောင့် ဖြစ်ပွားသေဆုံးမှု လျော့နည်းကျဆင်းလာစေရေးမှသည် ကင်းဝေးစေရေးအတွက် ဆောင်ရွက်ရာမှာ အမျိုးသားရေး တာဝန်တစ်ရပ်အနေနဲ့ သဘောထားဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ဝက်သက်ရောဂါပပျောက်ရေးအတွက် ရည်မှန်းဆောင်ရွက်တဲ့ ဝက်သက်ရောဂါ ကာကွယ်ဆေး ဒုတိယ အခွင့်အလမ်းပေး ထိုးနှံခြင်းဖြစ်တဲ့**“ဝက်သက်ရောဂါ ကာကွယ်နှိမ်နင်းရေး စုစည်း မဟာဗျူဟာများ အကောင်အထည်ဖော်ရေး စီမံချက် ၂၀၀၇”** ဒုတိယနှင့် တတိယအဆင့်ဆောင်ရွက်မယ့် ၂၀၀၇ခုနှစ် မတ်လ၁၇ရက်မှ ၃၁ရက်နေ့ အထိနှင့် မေလ ၁၄ ရက်နေ့မှ ၂၇ ရက်နေ့အထိ အကောင်အထည်ဖော် ဆောင်ရွက်မယ့် ပြည်နယ်အားလုံးနှင့် တနင်္သာရီတိုင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့မှ မြို့နယ်များမှာရှိတဲ့ အသက်ကိုးလမှ ငါးနှစ်အောက်ကလေးငယ်များ အားလုံးကို ကာကွယ်ဆေးထိုး စုရပ်တွေကိုအရောက် မပျက်မကွက်ခေါ်ဆောင်လာပြီး ဒုတိယ အခွင့်အလမ်း ရယူကြပါလို့ တိုက်တွန်းရေးသားလိုက်ရပါတယ်။ ။

# အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် သင်တန်းသား ဆရာတော် ဦးနော်ဓိဉာဏ ပါရဂူဘွဲ့ ရရှိတော်မူ

**ရန်ကုန် မတ် ၁၅**

ဆရာတော် ဦးနော်ဓိဉာဏသည် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၌ ၂၀၀၁ ခုနှစ်မှစ၍ အင်္ဂလိပ်စာ အထူးကြပ်မတ်သင်တန်းသို့ တက်ရောက်သင်ကြားပြီး ၂၀၀၂ခုနှစ်တွင် ကျင်းပသော ပါရဂူဘွဲ့ဝင်ခွင့်စာမေးပွဲကို ဖြေဆိုအောင်မြင်တော်မူခဲ့သည်။

**ပါရဂူဘွဲ့(အဘိဓမ္မာ) ကျမ်းပြုစု**

ဆက်လက်၍ ဆရာတော် ဦးနော်ဓိဉာဏသည် ၂၀၀၃–၂၀၀၄ ပညာသင်နှစ်တွင် အကြိုပါရဂူဘွဲ့ သင်တန်းသို့ အဘိဓမ္မာဘာသာရပ်ဖြင့် တက်ရောက်အောင်မြင်ပြီး ၂၀၀၄–၂၀၀၅ ပညာသင်နှစ်တွင် AN Analytical Study of Sankhara ကျမ်းခေါင်းစဉ်ဖြင့် ပါရဂူဘွဲ့(အဘိဓမ္မာ) ကျမ်းကို ပြုစုခဲ့သည်။

**ပထမဦးဆုံး**

ပါရဂူဘွဲ့အတွက်ပြုစုသော အဘိဓမ္မာကျမ်းကို ပြင်ပစာစစ်ပုဂ္ဂိုလ်ဖြစ်သော အိန္ဒိယနိုင်ငံ ဒေလီတက္ကသိုလ်ရှိ ဗုဒ္ဓစာပေဌာန ပါမောက္ခ Dr. Bhikshu Satyapalaထံသို့ပေးပို့ပြီး စစ်ဆေးမှုပြုလုပ်ရာ ၎င်းကအတည်ပြုထောက်ခံပေးမှုပေးပြီး အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်စာစစ်အဖွဲ့က ဆက်လက်ထောက်ခံသဖြင့် ဆရာတော် ဦးနော်ဓိဉာဏသည် ၂၀၀၇ ခုနှစ်တွင် ပထမဦးဆုံးပါရဂူဘွဲ့ (ဗုဒ္ဓဓမ္မ)ကို အောင်မြင်ရရှိတော်မူကြောင်း သာသနာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## လက်မှတ်ရေးထိုး

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ လယ်ယာ စိုက်ပျိုးရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး H.E.Mr.Sitaheng Rasphoneတို့ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုတိုးတက်ခိုင်မာရေးနှင့် လယ်ယာ စိုက်ပျိုးရေးကဏ္ဍတွင် တိုးမြှင့်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းရပ်များနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးစာချုပ်တွင်လက်မှတ်ရေးထိုးကြစဉ်။**

(လယ်/ဆည်)

# ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ ပြန်ရောက်ရှိ မြန်မာ–လာအို နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးဆွေးနွေးခဲ့

နေပြည်တော် မတ် ၁၅

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး H.E. Mr. Sitaheng Rasphone၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ရာမှ မတ်၁၃ရက် နံနက်ပိုင်းက လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။**

မြန်မာကိုယ်စားလှယ်အဖွဲ့အား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုကြသည်။

**ပြန်လည်လိုက်ပါ**

ဝန်ကြီးနှင့်အတူ အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည့် စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွဋ်ဦး၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအုန်းသန်းနှင့် ဆည်မြောင်းဦးစီးဌာန ဒေါက်တာညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်တို့လည်း ပြန်လည်လိုက်ပါလာကြသည်။

**ညှိနှိုင်းဆွေးနွေး**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မတ် ၉ ရက် ဒေသစံတော်ချိန် နံနက် ၉နာရီတွင် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ လယ်ယာ စိုက်ပျိုးရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Sitaheng Rasphone ခေါင်းဆောင်သည့် အဖွဲ့နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မာရေးနှင့် လယ်ယာ စိုက်ပျိုးရေးကဏ္ဍတွင် တိုးမြှင့်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းရပ်များနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

**ဂါရဝပြုတွေ့ဆုံ**

မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် အဖွဲ့ဝင်များသည် မတ်၉ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Bousanone Bouphavanhအား ဂါရဝပြု တွေ့ဆုံခဲ့သည်။

ယင်းသို့တွေ့ဆုံရာတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ လယ်ယာ စိုက်ပျိုးရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး H.E.Mr.Sitaheng Rasphone နှင့် တာဝန်ရှိသူများလည်း တက်ရောက်ကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် မြန်မာ–လာအိုနှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောကဏ္ဍများတွင် ပိုမိုတိုးတက်ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးခဲ့သည်။

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် NAPHOKရှိ ဇဟို စိုက်ပျိုးရေး သုတေသနဌာနသို့ သွားရောက်လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မင်္ဂလာသိင်္ဂီကျောင်း သင်္ကြန်အထူးတရားစခန်းပွဲ

**ရန်ကုန် မတ် ၁၅**

ရန်ကုန်မြို့ ဗဟန်း ရေတာရှည်လမ်းဟောင်း ဓမ္မသုခတိုက် မင်္ဂလာသိင်္ဂီကျောင်းတိုက်အတွင်း၌ သင်္ကြန်အထူးတရားစခန်းပွဲကို ဧပြီ ၁၃ရက်မှ ၁၉ရက် (တန်ခူးလပြည့်ကျော် ၁၂ရက်မှကဆုန်လဆန်း၄ရက်)အထိကျင်းပမည်ဖြစ်သည်။

ယင်းတရားစခန်းပွဲတွင် ကျောင်းတိုက်ပဓာနနာယက ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကုဏ္ဍလ(ဓမ္မာစရိယ)က ကျေးဇူးရှင်မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များ ဟောကြားမည် ဖြစ်သည်။ တရားစခန်းဝင်လိုသူများ ယောဂီ ၁၀၀သာ လက်ခံမည်ဖြစ်ပါ၍ ဧပြီ ၁၀ရက် နောက်ဆုံးထားကာ ဖုန်း–၀၁–၅၅၉၁၁၆သို့ ဆက်သွယ် စာရင်းပေးသွင်းကြရန် နှိုးဆော်ထားကြောင်း သိရသည်။

**(က–ပ)**

# တရားရုံးအဆင့်ဆင့်သည် အမှုများကို ဥပဒေနှင့်အညီ မှန်မှန်ကန်ကန်ဆုံးဖြတ် တရားသူကြီးများ၊ ရုံးဝန်ထမ်းများ လာဘ်ပေး၊ လာဘ်ယူ ကင်းရှင်းရေးဆွေးနွေး

**နေပြည်တော် မတ် ၁၅**

တရားရုံးချုပ် တရားသူကြီးချုပ် ဦးအောင်တိုးသည် တရားရုံးချုပ် တရားသူကြီး ဦးမြင့်သိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် မတ် ၁၀ရက် နံနက် ၉နာရီက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဘဏ်လမ်းရှိ ရန်ကုန်တိုင်း တရားရုံးနှင့် မြို့နယ်တရားရုံး ခုနစ်ရုံး ဖွင့်လှစ်ထားသော စုပေါင်းရုံး အဆောက်အအုံ၌ တိုင်းတရားသူကြီး၊ တွဲဖက်တိုင်းတရားသူကြီးများနှင့် သက်ဆိုင်ရာ မြို့နယ်တရားရုံးများမှ တရားသူကြီးများ၊ တရားရုံးအဆင့်ဆင့်မှ ရုံးဝန်ထမ်းများအားတွေ့ဆုံ၍ တရားရုံးအဆင့်ဆင့်သည်အမှုများကို တရားဥပဒေနှင့်အညီ မှန်မှန်ကန်ကန် စီရင်ဆုံးဖြတ်ရေး၊ တရားသူကြီးများနှင့် ရုံးဝန်ထမ်းများ လာဘ်ပေး လာဘ်ယူ ကင်းရှင်းရေး၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများ လိုက်နာရေး၊ တရားရုံးလုပ်ငန်းများ ကျွမ်းကျင်မှုရှိအောင် ကြိုးစားအားထုတ်ရေး၊ ပြည်သူတို့မှ ယုံကြည်ကိုးစားသောတရားရုံးများ ဖြစ်ပေါ်လာရေး၊ ပြည်သူများနှင့် ဆက်ဆံရာတွင် ပြေပြစ်စွာဆက်ဆံပြီး မိမိတာဝန်ကို ရိုးရိုးသားသား မှန်မှန်ကန်ကန်နှင့် ကျေပွန်အောင်ထမ်းဆောင်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

**အမြဲမပြတ်ဆည်းပူး**

တရားသူကြီးချုပ်သည် တရားရုံးချုပ်နှင့် ရန်ကုန်တိုင်းတရားရုံးမှ တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၁၁ရက် နံနက်ပိုင်းတွင် ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းရှိ ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံး၊ ရန်ကုန်တောင်ပိုင်းခရိုင် တရားရုံးတို့ကိုလည်းကောင်း၊ လသာမြို့နယ်တရားရုံးသို့လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး တရားသူကြီးများ၊ တရားရုံးဝန်ထမ်းများနှင့် တွေ့ဆုံ၍ တရားရုံးသို့ ရောက်ရှိလာသူများနှင့် ဆက်ဆံရာတွင် ချေငံပြေပြစ်စွာ ဆက်ဆံကြရန်၊ တရားရုံး၏ ဂုဏ်သိက္ခာကို တရားသူကြီးများမှအစ ရုံးဝန်ထမ်းအားလုံးအဆင့်ဆင့် ထိန်းသိမ်းသွားကြရန်၊ တရားရုံးများမှ ချမှတ်သောအမိန့်သည်ကြောင်းကျိုးဆီလျော်၍ ဥပဒေနှင့်ညီညွတ်ရန် လိုအပ်သကဲ့သို့ တရားသူကြီးများသည် အတွေးအခေါ် အသိပညာတိုးတက်ရန် အမြဲမပြတ်ဆည်းပူးနေရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ တရားသူကြီးချုပ်သည် လှိုင်သာယာမြို့နယ် တရားရုံးချုပ် လေ့ကျင့်ရေးဌာနတွင် ဖွင့်လှစ်လျက်ရှိသည့် မြို့နယ်တရားသူကြီးများ မွမ်းမံသင်တန်း အမှတ်စဉ်(၅)မှ သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် တရားသူကြီးချုပ်သည် လှိုင်သာယာမြို့နယ်တရားရုံးသို့ သွားရောက်ကာ တရားရုံးအဆောက်အအုံ၊ အခြေအနေနှင့် တရားခွင်များကို ကြည့်ရှုစစ်ဆေးကာ လှိုင်သာယာမြို့နယ် တရားရုံးရှိ တရားသူကြီးများ၊ တရားရုံးဝန်ထမ်းများကို တွေ့ဆုံမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အားကစား ဝန်ကြီးဌာန ဝန်ကြီးဖလားနှင့် ပြည်နယ်၊ တိုင်းမြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၅

**၂၀၀၇ခုနှစ် တတိယအကြိမ်မြောက် အားကစားဝန်ကြီးဌာနဝန်ကြီးဖလားနှင့် (၃၃)ကြိမ်မြောက် ပြည်နယ်၊ တိုင်း မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲကို မတ်၁၇ရက်မှ ၂၁ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှစတင်၍ မိုးလုံလေလုံပြိုင်ပွဲရုံ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပမည်ဖြစ်ရာ မည်သူမဆို အခမဲ့ဝင်ရောက် ကြည့်ရှုနိုင်သည်။**

အားကစားဝန်ကြီးဌာန ဝန်ကြီးဖလားခြင်းလုံးခတ်ပြိုင်ပွဲတွင်အမျိုးသားပြိုင်ပွဲအနေဖြင့် လေးပေါက်တန်း (ခြင်းလတ်၊ ခြင်းကြီး၊ လက်ရွေးစင် လေးမျိုးစီ)၊ ခြောက်ပေါက်တန်း (ခြင်းလတ်၊ ခြင်းကြီး၊ လက်ရွေးစင် ခြောက်မျိုးစီ)၊ ၁၀ပေါက်တန်း (ခြင်းလတ်၊ ခြင်းကြီး၊ လက်ရွေးစင်၁၀မျိုးစီ)နှင့် အမျိုးသမီး ပြိုင်ပွဲများပါဝင်မည် ဖြစ်ပြီး ပြည်နယ်၊တိုင်းပြိုင်ပွဲတွင် အမျိုးသားပြိုင်ပွဲခြောက်ပေါက်တန်းနှင့် အမျိုးသမီးပြိုင်ပွဲ ပါဝင်မည်ဖြစ်သည်။

ငွေသားဆုကြေးများ အနေဖြင့် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလားပြိုင်ပွဲတွင် အတန်းလေးတန်းစလုံး၌ တစ်တန်းလျှင် ပထမဆုငွေကျပ်တစ်သိန်း၊ ဒုတိယဆု ငွေကျပ်ခုနစ်သောင်းငါးထောင်၊ တတိယဆု ငွေကျပ်ငါးသောင်းစီ ချီးမြှင့်မည် ဖြစ်သည်။ ပြည်နယ်၊ တိုင်းပြိုင်ပွဲတွင် နှစ်တန်းစလုံး၌ ပထမဆု ငွေကျပ်ငါးသောင်း၊ ဒုတိယဆုငွေကျပ်သုံးသောင်း၊ တတိယဆုငွေကျပ် နှစ်သောင်းစီ ချီးမြှင့်မည်ဖြစ်ပြီး နှစ်သိမ့်ဆု ငွေကျပ်တစ်သောင်းစီ ချီးမြှင့်မည်ဖြစ်သည်။

**ဆက်သွယ်နိုင်**

ပြိုင်ပွဲနှင့် ပတ်သက်၍အသေးစိတ်သိလိုပါက ဦးသန်းမောင် (ဒုတိယဥက္ကဋ္ဌ) ဖုန်း– ၇၀၅၀၇၀၊ ၀၉–၈၀–၂၂၅၃၂၊ ဦးမျိုးမြင့် (တွဲဖက် အတွင်းရေးမှူး) ဖုန်း–၂၂၆၈၇၂နှင့် ဦးခင်မောင်မြင့်(အတွင်းရေးမှူး)မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ရုံး အောင်ဆန်းအားကစားပြိုင်ကွင်းထံ ဆက်သွယ် စုံစမ်းနိုင်ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

## မူးယစ်ကင်းစင် အလှဆင်

## ရှေ့နေချုပ်နှင့် ပြည်နယ်၊ တိုင်း ဥပဒေအရာရှိများ ညှိနှိုင်းဆွေးနွေးပွဲ ဟားခါးမြို့၌ ထပ်ဆင့်ရှင်းလင်း

ရှေ့နေချုပ်နှင့် ပြည်နယ်၊ တိုင်း ဥပဒေအရာရှိများ၏ (၂၉)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲအပေါ် ထပ်ဆင့်ရှင်းလင်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၂၈ရက်က ချင်းပြည်နယ် ဟားခါးမြို့ ပြည်နယ်ဥပဒေရုံးခန်း၌ ကျင်းပရာ ပြည်နယ်ဥပဒေအရာရှိ ဦးဆွဂ်ဒုတ်ကျင့်က နိုင်ငံတော်ဝန်ကြီးချုပ်၏ ရှင်းလင်းမှာကြားချက်များ၊ ရှေ့နေချုပ်၊ ဒုတိယရှေ့နေချုပ်နှင့် ညွှန်ကြားရေးမှူးချုပ်တို့၏ ရှင်းလင်းမှာကြားချက်များကို အသေးစိတ် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

## မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

## (၆၂)နှစ်မြောက် တပ်မတော်နေ့ပြခန်း ပြသရန်ဆောင်ရွက်

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းသည် မတ်၁၃ရက်က တာဝန်ရှိသူများလိုက်ပါလျက် (၆၂)နှစ်မြောက် တပ်မတော်နေ့ဆိုင်ရာ ပြခန်းများခင်းကျင်းပြသရန် စီစဉ်ဆောင်ရွက်နေသည့် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်သို့ သွားရောက်၍ လူမှုရေးဦးတည်ချက်(၄)ရပ် ပြခန်း၊ တိုင်းကျိုးပြည်ပြုလုပ်ငန်းပြခန်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြခန်းတို့ရှိ မီးသတ်ဦးစီးဌာနပြကွက်တို့တွင် ပြသထားသော မီးသတ်ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံများနှင့် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။**

## ကာမိုင်းမြို့ သာယာလှပရေး အရှိန်အဟုန်မြင့် ဆောင်ရွက်

ကချင်ပြည်နယ် ကာမိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ပွင့်လင်းရာသီတွင် မြို့သာယာလှပရေး လုပ်ငန်းများကို အရှိန်အဟုန်မြင့်တင် ဆောင်ရွက်လျက်ရှိရာ မတ်လပထမပတ်အတွင်းက မြို့နယ်တာဝန်ခံ ဦးဆန်းအောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအေးဇော်မြင့်တို့၏ ကြီးကြပ်မှုဖြင့် အဖွဲ့ဝန်ထမ်းများ စုပေါင်း၍ အဖွဲ့ရုံး၊ အဖွဲ့ပိုင် ပန်းခြံ၊ လမ်းဘေးစင်္ကြံများနှင့် အဖွဲ့ဆိုင်ရာ အသိပညာပေးဆိုင်းဘုတ်များ မွမ်းမံပြုပြင်ခြင်း၊ ဆေးသုတ်အလှဆင်ခြင်းများ ပြုလုပ်ခဲ့ကြသည်။

## မူကြို ဆရာအတတ်သင် ပညာရေးသင်တန်းဖွင့်

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေး သုတေသနအဖွဲ့ ဦးစီးဌာန မူကြိုဆရာအတတ်ပညာရေးသင်တန်း ကြီးကြပ်ရေးကော်မတီက ကြီးမှူးဖွင့်လှစ်သော မူကြို ဆရာအတတ်ပညာရေးသင်တန်း အပတ်စဉ်(၁၄)ဖွင့်ပွဲကို မတ်၁၂ရက် နံနက်၈နာရီခွဲက ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် ပြည်လမ်းရှိ အဆိုပါဦးစီးဌာန ရုပ်ရှင် ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုန်းမြင့်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး မူကြိုပညာရေးနည်းပညာသင်ရိုးများနှင့်အညီ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၄ နာရီအထိ ရက် ၂၀ကြာ သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။

## စီမံခန့်ခွဲမှုနှင့် စည်းရုံးရေး ဆင့်ပွားသင်တန်းဖွင့်

**ကောလင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ ရပ်ကွက်၊ ကျေးရွာ အမျိုးသမီးရေးရာအမှုဆောင်များ စီမံခန့်ခွဲမှုနှင့် စည်းရုံးရေးအခြေခံ ဆင့်ပွားသင်တန်း အမှတ်စဉ်(၁/၂၀၀၇) ဖွင့်ပွဲကို မတ် ၁ ရက်က မြို့နယ်အစည်းအဝေးခန်းမဆောင်တွင်ကျင်းပရာ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ရီရီလွင်က အမှာစကားပြောကြားသည်။**

## မကွေးတိုင်း ဥက္ကဋ္ဌဖလား ငါးခရိုင် ဘောလုံးပြိုင်

မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား မကွေးတိုင်း ငါးခရိုင် အသက်(၁၃)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက် ညနေပိုင်းက မကွေးခရိုင် အားကစားကွင်းတွင်ကျင်းပရာ ပထမဆုရ မင်းဘူးခရိုင် လူငယ်အသင်းအား မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမြင့်သိန်းက လည်းကောင်း၊ ဒုတိယဆုရ ပခုက္ကူခရိုင် လူငယ်အသင်းအား မကွေးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုံ့မော်က လည်းကောင်း ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

## အရန်မီးသတ် အကြိုအခြေခံ သင်တန်းဖွင့်

တောင်ကြီးမြို့နယ် မြို့ပေါ်ရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၏ အကြို အခြေခံမီးသတ်သင်တန်း အမှတ်စဉ် (၂/၂၀၀၇) သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၉ရက်က တောင်ကြီးမြို့ ချမ်းမြသာစည်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ တောင်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စွာ တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားကြောင်း သိရသည်။

## လယ်ဝေး ကြံခိုင်ဖွံ့ဖြိုးရေးအသင်း အသင်းဝင်များတွေ့ဆုံ

**ပျဉ်းမနားခရိုင် လယ်ဝေးမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အသင်းဝင်များနှင့် တွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၃ရက် မွန်းလွဲ ၁နာရီ က သစ်ကြိမ်းကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းတွင် ကျင်းပရာ ခရိုင်အသင်း အလုပ်အမှုဆောင် ဦးဇော်အောင်က အသင်းကြီး၏ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို လည်းကောင်း၊ မြို့နယ်အသင်း အတွင်းရေးမှူး ဦးဌေးဝင်းက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မည့် အစီအစဉ်များကိုလည်းကောင်း၊ မြို့နယ်အသင်းတွဲဖက်အတွင်းရေးမှူး ဦးသိန်းတိုးတို့က စည်းရုံးရေးဆိုင်ရာ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ မြို့နယ်အသင်း တွဲဖက်အတွင်းရေးမှူး ဦးဝင်းနိုင်ဦးက ဆယ်စုမှူးများ၊ ရာစုမှူးများ ဖွဲ့စည်းမှုနှင့်ပတ်သက်၍ လည်းကောင်း ဆွေးနွေးကြသည်။**

## မြဝတီအမက(၅)ကျောင်းဆောင်သစ် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်

မြဝတီခရိုင် မြဝတီမြို့နယ် မိချောင်းကုန်းရပ် အမှတ်(၅)အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ်အား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို မတ် ၁ရက်က အဆိုပါကျောင်းဆောင်၌ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးအောင်ဆွေညွန့်က ကျောင်းဆောင်သစ်ကို မြို့နယ်ပညာရေးမှူး ဒေါ်မြမြသီသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

## ပတ်ဝန်းကျင်အန္တရာယ်နှင့် ကျန်းမာရေး မထိခိုက်စေရေး ကွင်းဆင်းစစ်ဆေး

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့အားသန့်ရှင်းသပ်ရပ် သာယာလှပပြီး ကျန်းမာရေးနှင့် ညီညွတ်သော မြို့ဖြစ်စေရန် မြို့ပေါ် ၂၅ ရပ်ကွက်အတွင်းရှိ ဘေးအန္တရာယ်ဖြစ်စေသော လုပ်ငန်းနှင့် စားသောက်ဖွယ်ရာလုပ်ငန်း ဆောင်ရွက်နေမှုများကို စီမံချက်ရေးဆွဲ၍ လစဉ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၉ ရက်က ဦးစီးအရာရှိ ဦးခင်အောင်နီ၊ ကျန်းမာရေးမှူး(၂)ဦးနေလင်းကျော်တို့ ဦးဆောင်ကာ စည်းကမ်းထိန်းဝန်ထမ်းများသည် မြို့မ၊ မင်းရပ်၊ အောင်နန်း၊ ကျွန်းပင်သာ၊ အေးစေတီ၊ ခေမာသီရိရပ်ကွက်နှင့် မြို့သစ်ကြီးရပ်ကွက်များသို့ ကွင်းဆင်းပြီး ပတ်ဝန်းကျင်အန္တရာယ်နှင့် ကျန်းမာရေး မထိခိုက်စေရေးတို့အတွက် ပညာပေးစစ်ဆေးခဲ့ကြောင်း သိရသည်။

## လင်းရောင်ခြည် စာကြည့်တိုက် အဆောက်အအုံဖွင့်

ချင်းပြည်နယ် တီးတိန်မြို့နယ် လိုင်လွီးကျေးရွာတွင် လင်းရောင်ခြည် စာကြည့်တိုက်အဆောက်အအုံဖွင့်ပွဲကို မတ်၅ရက်ကကျင်းပရာ စာကြည့်တိုက်အဆောက်အအုံကိုကျေးရွာဥက္ကဋ္ဌ ဦးဂင့်ခန့်ပေါင်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး စာကြည့်တိုက်ကော်မတီသို့ အဆောက်အအုံကို လွှဲပြောင်းပေးအပ်ပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဒိုင်ခန့်ဒိမ့်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခမ်ဆွင်းမုန်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့အမှုဆောင် ဒေါ်နိုဆွင်းမန်းတို့က ဌာနနှင့် အသင်းအဖွဲ့များ ကိုယ်စား စာအုပ် ၂၅၅ အုပ်ကို စာကြည့်တိုက်အတွက် ပေးအပ်လှူဒါန်းခဲ့ကြသည်။

# ကမ္ဘာတစ်လွှား အားကစား

## ပရီမီယာလိဂ်ပွဲစဉ်(၂၉) လက်ကျန်ပွဲများ ယှဉ်ပြိုင် ချယ်လ်ဆီးနှင့် အာဆင်နယ်တို့ နိုင်ပွဲများရရှိ

**လန်ဒန် မတ် ၁၅**

ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၉) လက်ကျန်ပွဲစဉ်များကို မတ် ၁၄ရက်က ဆက်လက်ကစားရာ မန်စီးတီးနှင့် ချယ်လ်ဆီးတို့ပွဲတွင် ချယ်လ်ဆီးက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး အက်စတွန်ဗီလာနှင့် အာဆင်နယ်တို့ပွဲတွင် အာဆင်နယ်က တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

**မန်စီးတီးနှင့် ချယ်လ်ဆီး**

မန်စီးတီးကွင်း၌ ချယ်လ်ဆီးတို့ ကံကောင်းစွာ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ချယ်လ်ဆီးမှ ရော်ဘင်၊ ကာလူးနှင့် ဒရော့ဘာတို့ တိုက်စစ်အတွဲက မန်စီးတီး နောက်တန်းကို ခြောက်ကြိမ်ထိုးဖောက်ပြီး အပိုင်သုံးကြိမ်ကန်သွင်းခွင့် ရရှိခဲ့သည်။ ပွဲချိန် ၂၈ မိနစ်၌ ချယ်လ်ဆီးတို့ ပယ်နယ်တီပြစ်ဒဏ်ဘောရရှိရာ ဖရန့်လမ်းပတ်က ကန်သွင်းယူခဲ့သဖြင့် ယင်း တစ်ဂိုးတည်းဖြင့်ပင် ချယ်လ်ဆီးတို့ အနိုင်ရရှိခဲ့သည်။

**အက်စတွန်ဗီလာနှင့် အာဆင်နယ်**

ဗီလာကို အာဆင်နယ်တို့ အကြိတ်အနယ်ကစားခဲ့ရသည်။ အာဆင်နယ်အတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၁၀မိနစ်၌ အာဆင်နယ် ကွင်းလယ်ကစားသမား ဒီရာဘိုင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ဗီလာတိုက်စစ်မှူးများဖြစ်သည့် အက်ရှလေယွန်၊ ဂျွန်ကရောနှင့် အက်ဘွန်လာဟောတို့က အကြိမ်ကြိမ်ထိုးဖောက် ကစားနိုင်သော်လည်း ချေပဂိုးမသွင်းနိုင်ခဲ့ချေ။ အာဆင်နယ် ယခုပွဲအနိုင်ရသဖြင့် ချယ်လ်ဆီးနှင့် တစ်ပွဲလျော့ ၁၁မှတ်ကွာနေဆဲ ဖြစ်သည်။ **(အင်တာနက်)**

**ပရီမီယာလိဂ်ပွဲစဉ် (၂၉)အဖြစ် မန် စီး တီး နှင့် ချယ်လ်ဆီး တို့ ပွဲတွင် မန်စီးတီးမှ ဘာတွန်**(ယာ) **ထိုးဖောက်ကစားစဉ်။**

(ဓာတ်ပုံ- အင်တာနက်)



## တိုက်စစ်မှူး အလန်စမစ် မန်ယူ၌သာကစားလိုဟုဆို

**လန်ဒန် မတ် ၁၅**

အခြား ဘောလုံးအသင်းများအတွက် မန်ယူမှ ထွက်ခွာလိမ့်မည်မဟုတ်ကြောင်း၊ မန်ယူ၌သာ ကစားလိုကြောင်း အလန်စမစ်က အခိုင်အမာ ပြောကြားလိုက်သည်။

**ငြင်းဆို**

စမစ်အား ကာလတိုအငှားစာချုပ်ဖြင့် အသင်းဟောင်း လိဒ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားခဲ့ရာ ဇန်နဝါရီလတွင်းက အိုးထရက်ဖို့ဒ်မှ အငှားချထားရန်ကိစ္စကို အသက်(၂၅)နှစ်ရှိ စမစ်က ငြင်းဆိုလိုက်သည်။

**မန်ယူ၌ကစားလို**

မိမိအနေဖြင့် မန်ယူ၌သာ ကစားလိုကြောင်း၊ ကစားရန်လည်း လုံလောက်သည့် အရည်အချင်းရှိကြောင်း၊ အခြားမည်သည့်အသင်းမျှသွားရောက်မကစားနိုင်ကြောင်း၊ မန်နေဂျာ ဖာဂူဆန်က မိမိအား အငှားချထားရန် ရွေးချယ်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

တိုက်စစ်မှူး စမစ်သည် ဖေဖော်ဝါရီလကုန်ပိုင်းက လီဗာပူးအသင်းနှင့် အက်ဖ်အေ ဖလားပြိုင်ပွဲ ကစားစဉ် ဒဏ်ရာပြင်းထန်စွာရခဲ့သည်။ ယခုအခါ အသင်းတွင် ပြန်လည်ပါဝင်ကစားနေပြီဖြစ်သည်။

၎င်းသည် မတ် ၁၃ရက် ညပိုင်းက မန်ယူနှင့်ဥရောပညွှန့်ပေါင်းအသင်းတို့ မန်ယူအသင်းအောင်မြင်မှု နှစ်(၅၀)ပြည့် အထိမ်းအမှတ်ပြိုင်ပွဲတွင် မိနစ် ၇၀ကြာ ပါဝင်ကစားခဲ့သည်။

**(အင်တာနက်)**

## အင်တာနက် အားကစားသတင်း အတိုအထွာ

* မန်ယူ နောက်တန်းကစားသမား ဆီးဗက်စတားသည် လိုင်လီအသင်းနှင့် ချန်ပီယံလိဂ်ပြိုင်ပွဲကစားစဉ် ပခုံးဒဏ်ရာရခဲ့သဖြင့် ရာသီကုန်အထိ ပြန်ကစားနိုင်တော့မည်မဟုတ်ကြောင်း မန်ယူက ပြောကြားသည်။
* **အက်စ်တွန်ဗီလာ တိုက်စစ်မှူး ခရစ်ဆတ်တန်အား ယခုနှစ်ဘောလုံး ရာသီကုန်အထိ စာချုပ်သစ် ချုပ်ဆိုရေးကိစ္စကို ရွှေ့ဆိုင်းထားမည်ဖြစ်ကြောင်း နည်းပြမာတင်အိုနေးက ပြောကြားလိုက်သည်။**
* ချယ်လ်ဆီးနောက်တန်းကစားသမား ဝိန်းဘရစ်သည် မတ် ၃ရက်က ပို့စ်မောက်အသင်းနှင့်ကစားစဉ် ဒူးခေါင်းခွဲစိတ်ခံရသဖြင့် သုံးပတ်အနားယူရမည်ဖြစ်ကြောင်း ချယ်လ်ဆီးအသင်းက ပြောကြားသည်။
* **ဗလင်စီယာအသင်းမှ ဒေးဗစ်နာဗာရိုသည် ချန်ပီယံလိဂ် ဒုတိယအကျော့ပြိုင်ပွဲအဖြစ် အင်တာမီလန်အသင်းနှင့်ကစားစဉ် ရန်ဖြစ်ခဲ့၍ ယူအီးအက်ဖ်အေက ခုနစ်လပိတ်ပင်လိုက်ပြီး နှစ်သင်းစလုံးကို ပေါင်ငွေ ၁၀၆၀၀၀စီ ဒဏ်ရိုက်လိုက်ကြောင်း သိရသည်။**
* ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)၏ မတ် ၁၅ရက်က ထုတ်ပြန်သော ကမ္ဘာ့ဘောလုံးအဆင့် သတ်မှတ်ချက်တွင် အာဂျင်တီနားဘောလုံးအသင်းက ပထမဆုံးအကြိမ် ၁၆၁၆မှတ်ဖြင့် ကမ္ဘာ့အကောင်းဆုံးဘောလုံးအသင်းဖြစ်လာကြောင်း သတင်းထုတ်ပြန်လိုက်သည်။ အီတလီက ၁၅၉၂ မှတ်ဖြင့် ဒုတိယ၊ ဘရာဇီးက ၁၅၅၇ မှတ်ဖြင့် တတိယနေရာတွင် ရှိနေသည်။
* **ပစိဖိတ်လိုက်ဖ်အိုးပင်း အမျိုးသားတင်းနစ်ပြိုင်ပွဲကို မတ် ၁၄ရက်က ဆက်လက်ကစားရာ အင်ဒရီမူရေးက နီကိုလေဒါဗီဒင်ကိုအား ၇-၆၊ ၆-၄ဖြင့် အနိုင်ရပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားသည်။**
* နိုင်ငံတကာလက်ဝှေ့အဖွဲ့ချုပ်၏ လိုက်ဟဲဗီးဝိတ်ချန်ပီယံ ကလင်တန်ဝုဒ်က စိန်ခေါ်သူ မက္ကဆီကိုနိုင်ငံသား ဂျူလီရိုဂွန်ဇာလက်ဇ်နှင့် လက်ဝှေ့ထိုးသတ်ပွဲကို လာမည့် ဇွန် ၂၃ရက်၌ လက်ဗီးဂတ်စ်မြို့တွင် ထိုးသတ်မည်ဖြစ်ကြောင်း သတင်းထုတ်ပြန်လိုက်သည်။
* **ပစိဖိတ်လိုက်ဖ်အိုးပင်း အမျိုးသမီးတင်းနစ်ပြိုင်ပွဲ၌ ကမ္ဘာ့နံပါတ်တစ် ရှာရာပိုဗာကို ရုရှားတင်းနစ်မယ် ဗီရာဗိုနာရီဗာက ၄-၆၊ ၇-၅၊ ၆-၁ ဖြင့် အနိုင်ရရှိသွားသည်။ ဗီရာဗိုနာရီဗာသည် ၂၀၀၄ခုနှစ် ကတည်းက စတင်ကာ ရှာရာပိုဗာကို ပထမဦးဆုံးအကြိမ် အနိုင်ရရှိခြင်းဖြစ်သည်။**

(အင်တာနက်)

# တစ်ရွာတစ်မျိုး ထုတ်ကုန်တိုးအောင် ဆောင်ရွက်နေသည့်
# ကညင်ချောင်းကျေးရွာ ဆားလုပ်ငန်း

**ကွင်းဆင်းလေ့လာတင်ပြသူ**
**သန်းသန်းနု နှင့် တင်မာဝင်း**
**ဓာတ်ပုံမှတ်တမ်း–တင်စိုး** (မြန်မာ့အလင်း)

**ရန်ကုန် မတ် ၁၅**

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်ငါးရပ်ဖြင့် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိသည်။ နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေ ပြည်သူများ ဖြစ်ပေရာ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးအဖြစ် ထုတ်ကုန်တိုးအောင်ဆောင်ရွက်နေခြင်းသည် ဖွံ့ဖြိုးတိုးတက်မှုလမ်းစပင်ဖြစ်ပေသည်။

ဧရာဝတီတိုင်း ပုသိမ်ခရိုင်မှ ၈၉ မိုင်ခန့်၊ ဟိုင်းကြီးကျွန်းမြို့နယ်မှ သုံးမိုင်အကွာ တောင်ကုန်းတောင်တန်း အနည်းငယ်ရှိပြီး မြေပြန့်လွင်ပြင်ဖြစ်သည့် ကညင်ချောင်းကျေးရွာ၏ ဆားလုပ်ငန်းအကြောင်း အများပြည်သူ သိရှိနိုင်စေရန်အတွက် မြန်မာ့အလင်း သတင်းအဖွဲ့ လွန်ခဲ့သော ဖေဖော်ဝါရီ ၂၂ရက်က သွားရောက် ကွင်းဆင်း လေ့လာစေ့ငုခဲ့ပါသည်။

**သက်တမ်းရှည်ကြာ**

ထင်ရှားကျော်ကြားသောဒေသထုတ်ကုန်များအနက် ကညင်ချောင်းကျေးရွာရှိ ဆားလုပ်ငန်းသည် ဒေသထုတ်ကုန်အဖြစ် သက်တမ်းရှည်ကြာစွာဖြင့် အောင်မြင်နေသော စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်ပေသည်။ ကညင်ချောင်းကျေးရွာသည် ဆားထုတ်လုပ်မှုကို အဓိကလုပ်ငန်းအဖြစ် လုပ်ကိုင်လျက်ရှိပြီး တောင်ယာလုပ်ငန်းပါ လုပ်ဆောင်လျက်ရှိကြသည်။

## ကညင်ချောင်း ကျေးရွာသည် မဲခရဲ ဆားတိုက်နယ် လေးနယ်တွင် ပါဝင်လျက် ရှိရာ ဆားထုတ်လုပ်မှု အရည်အသွေး အကောင်းဆုံး ကျေးရွာဖြစ်။

ရှေးဦးစွာ ဆားလုပ်ငန်းရှင် ဦးလှဝင်းကို မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းရာတွင် ၎င်း၏မိဘများလက်ထက် ၁၉၇၃ခုနှစ်ကတည်းက စတင် လုပ်ဆောင်လာခဲ့ရာ နှစ်ပေါင်း ၃၀ကျော်ခဲ့ပြီး ဖြစ်ကြောင်း၊ မိမိ တစ်ဦးတည်းပိုင်အဖြစ် ၁၉၈၀ ပြည့်နှစ်မှ စတင်လုပ်ကိုင်ခဲ့ကြောင်း ရှင်းပြ ပြောကြားသည်။

> **လှန်းပြီးဆားများကို ဤသို့ ကျုံးနေသည်ကို တွေ့ရသည်။**

**ထုတ်လုပ်မှု**

ကညင်ချောင်း ကျေးရွာသည် မဲခရဲဆားတိုက်နယ် လေးနယ်တွင် ပါဝင်လျက်ရှိရာ ဆားထုတ်လုပ်မှုတွင် အရည်အသွေး အကောင်းဆုံး ကျေးရွာဖြစ်သည်။ ဆားတိုက်နယ်များတွင် ဆားထုတ်လုပ်မှု ဧက ၂၈၄၈ဒသမ၁၇ရှိရာ ကညင်ချောင်းကျေးရွာ၏ ဆားထုတ်လုပ်နိုင်သည့် ဧကမှာ ၁၁၆၉ ဒသမ ၆၈ဖြစ်သည်။

**အပိုင်းသုံးပိုင်း**

ဆက်လက်၍ ဆားထုတ်လုပ်မှု အဆင့်ဆင့် ရှင်းလင်းပြသရာတွင် ဆားကို အပိုင်းသုံးပိုင်းခွဲ၍ ထုတ်လုပ်ရသည်။ ရေကြမ်းပိုင်း၊ ဖျူးပိုင်း၊ ဆားလှန်းပိုင်း ဟူ၍ ဖြစ်သည်။ ရေကြမ်းပိုင်းအဆင့်တွင် အချိန်ကာလအားဖြင့် ဖေဖော်ဝါရီလပိုင်းလောက်တွင် ပင်လယ်မှရေကို ဆားထုတ်လုပ်ရန် လှောင်အိမ်၊ လှမ်းထူး၊ လှမ်းပါး၊ ရေပူကြီး၊ ရေပူလေးနှင့် စခံ ဟူ၍ အဆင့်ခြောက်ဆင့်၌ တစ်ဆင့်လျှင် တစ်ညအိပ်ခန့် အဆင့်ဆင့် လုပ်ဆောင်ခဲ့သည်။ ပင်လယ်မှရေကို စတင်သိုလှောင်ချိန်တွင် ရေ၌ ဆားပျော်ဝင်မှုနှုန်းသည် တစ်ဒီဂရီသာရှိရာ ရေကြမ်းပိုင်းအဆင့် ပြီးဆုံးပါက ဆားပျော်ဝင်မှုသည် ငါးဒီဂရီ၌ ရောက်ရှိနေသည်။

> **“ထုတ်လုပ်ရရှိတဲ့ ဆားကြမ်းများကို စက်ရုံများသို့ ဖြန့်ဖြူးရောင်းချပါတယ်”**
> ဦးမြင့်နိုင်
> (ဆားဖြန့်ဖြူးမှုလုပ်ငန်းရှင်)

## ကျေးရွာတစ်ရွာ၊ ကုန်ထုတ်လုပ်ငန်းတစ်ခု၊ နိုင်ငံအကျိုးပြု

**သတ်မှတ်ချိန်**

ထို့နောက် ဒုတိယအဆင့်အနေဖြင့် ဆားအခေါ်အဝေါ်အရ ဖျူးကြမ်း၊ ဖျူးလတ်၊ ဖျူးချောဟု အဆင့်သုံးဆင့် ထပ်မံလုပ်ဆောင်ရပေသည်။ ၎င်းတို့ သတ်မှတ်ချိန် အတွင်း၌ ဖျူးကြမ်းအဆင့်တွင် ဆားပျော်ဝင်မှု ရှစ်ဒီဂရီရရှိပြီး၊ ဖျူးလတ်အဆင့်တွင် ဆားပျော်ဝင်မှု ၁၂ ဒီဂရီမှ ၁၃ ဒီဂရီ အထိရရှိရာ နောက်ဆုံး ဖျူးချောအဆင့်၌ ဆားပျော်ဝင်မှု ၁၉ဒီဂရီမှ ၂၀ ဒီဂရီအဆင့် ရောက်ရှိသည်။

**ဆားကြမ်းရရှိ**

နောက်ဆုံး ဆားလှန်းသည့်အဆင့်သို့ရောက်ရာ ဆားလှန်းသည့်ခွက်ကို ပေ ၆၀ပတ်လည်အကွက်၌ မှန်သားကဲ့သို့ မျက်နှာပြင်ညီညာရမည်။ အချိုးအစားညီစွာ ဒလိမ့်ဖြင့် လိမ့်ကာ ကျောက်သားကဲ့သို့ မာတင်းလာအောင် ပြုလုပ်ပြီး လွှာပါးလေးဖြစ်လာအောင်လုပ်ဆောင်ပြီးနောက် ၁၄ရက်ခန့် နေလှန်းပြီးပါက ဆားပျော်ဝင်မှု ၂၅ဒီဂရီသို့ ရောက်ရှိကာ ဆားထုတ်မှုအဆင့် ပြီးမြောက်ပေသည်။ ဆားများကို ကျုံးရာတွင် အရည်အဖြစ် ကျန်ရှိခဲ့သည့်နေရာ၌ ဆားပျော်ဝင်နေမှုသည် ၂၉ဒီဂရီတွင် ရှိနေပေရာ ဆားခါးများအဖြစ် ကျန်ရှိနေပေသည်။ ထိုဆားများကို စွန့်ပစ်ရသည်။ နောက်ဆုံးတွင် ဆားများကို ရေသန့်စင်ကာ ဆားကြမ်းအဖြစ် ရရှိသည်။

> **“ဆားလုပ်ငန်းကိုနှစ်ပေါင်း ၃၀ကျော် လုပ်ကိုင်ခဲ့တာပါ”**
> ဦးလှဝင်း (ဆားလုပ်ငန်းရှင်)

**ဖြန့်ဖြူးပေးနေ**

ကညင်ချောင်း ကျေးရွာမှ လုပ်ငန်းရှင် ဦးမြင့်နိုင်က ဆားဖြန့်ဖြူးမှုစနစ်ကို ရှင်းလင်းရာတွင် ၎င်းတို့ထုတ်လုပ်ရရှိသော ဆားကြမ်းများကို ရန်ကုန်၊ပုသိမ်၊ မြောင်းမြမြို့များရှိ ဆားကြိတ်စက်ရုံများသို့ ပို့ဆောင်ပေးပြီးနောက် စက်ရုံများတွင် ထပ်မံသန့်စင်ပြီး မြန်မာနိုင်ငံအတွင်းရှိ အမြို့မြို့၊ အနယ်နယ်များသို့ ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

**အရည်အသွေး**

ပုသိမ်ခရိုင် ကညင်ချောင်းကျေးရွာရှိ ဆားထုတ်လုပ်မှုသည် အရည်အသွေး အကောင်းဆုံးဖြစ်ရာ ဒေသခံ ပြည်သူများအနေဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေရရှိနေသည့် ကညင်ချောင်း ကျေးရွာ၏ ထုတ်ကုန်တစ်မျိုး ဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာ ရေးသားလိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**

**ကျုံးပြီးဆားများကို စနစ်တကျ ပုံထားသည်ကို တွေ့ခဲ့ရသည်။**

---

## ဆရာအတတ်ပညာ ဒီပလိုမာလက်မှတ် အပ်နှင်း

**ရန်ကုန် မတ် ၁၅**

ပညာရေးဝန်ကြီးဌာန ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေး ဦးစီးဌာန ကျောက်ဖြူ ပညာရေးကောလိပ် န၀မ အကြိမ်မြောက် ဆရာအတတ်ပညာ ဒီပလိုမာ လက်မှတ်အပ်နှင်းပွဲ အခမ်းအနားကို မတ်၁၀ ရက် နံနက်၈နာရီက ကျောက်ဖြူမြို့ ပညာရေးကောလိပ် မဟာပညာကျော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ဧည့်ဝတီရေတပ်စခန်းဌာနချုပ်မှ ဗိုလ်မှူးချုပ်မော်သိန်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး ဇော်သန်းဦး၊ ကျောက်ဖြူခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လင်းနှင့် အဖွဲ့ဝင်များ၊ ပညာရေးကောလိပ် ကျောင်းအုပ်ကြီး ဦးခင်မောင်ကြည်နှင့် ဆရာ ဆရာမများ၊ ခရိုင်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ သင်တန်းသားသင်တန်းသူများ၊ ဆရာ ဆရာမများ တက်ရောက်ကြသည်။ အခမ်းအနားတွင် ပထမဦးစွာ ကျောက်ဖြူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လင်းက အမှာစကား ပြောကြားပြီး ကျောက်ဖြူ ပညာရေးကောလိပ်၏ လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ဒီပလိုမာသင်တန်းအမှတ်စဉ်(၉/၀၄) ဒုတိယနှစ်မှ သင်တန်းသားသင်တန်းသူ ၆၄ဦး၊ အမှတ်စဉ်(၁၀/၀၅)ပထမနှစ် သင်တန်းသား သင်တန်းသူ ၁၉၅ဦး စုစုပေါင်း သင်တန်းသားသင်တန်းသူ ၂၅၉ဦးတို့အား ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်ကြည်က ဆရာအတတ်ပညာ ဒီပလိုမာလက်မှတ်များ အပ်နှင်းလိုက်သည်။

**(ခရိုင် ပြန်/ဆက်)**

---

## အထက ( ၁ ) ဒဂုံ
## အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် မတ် ၁၅**

ရန်ကုန်တိုင်းအထက(၁) ဒဂုံတွင် ၁၉၇၅ ခုနှစ်မှ ၂၀၀၆ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူသွားခဲ့သော ဆရာကြီး၊ ဆရာမကြီးများအား ထိုနှစ်များတွင် ပညာသင်ယူခဲ့ကြသော ကျောင်းသူ ကျောင်းသားဟောင်းများ၏ ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို အဆိုပါကျောင်းရှိ ဒဂုံသီရိခန်းမ၌ မတ် ၂၅ ရက် နံနက် ၉ နာရီတွင် ကျင်းပပြီး မိတ်ဆုံညစာစားပွဲကို ညနေ ၆ နာရီတွင် ရွှေတိဂုံဘုရား မြောက်ဘက်မုခ်ရှိ M3 Food Center တွင် ကျင်းပမည် ဖြစ်သည်။

အာစရိယပူဇော်ပွဲသို့ ကျောင်းသူ ကျောင်းသားများ တက်ရောက်ကြရန်နှင့် အလှူငွေများကို မြတ်စိုးဝင်း (Techno Land) ဖုန်း–၀၉–၅၁–၂၆၇၇၅၊ သီရိမာ ဖုန်း–၀၉–၅၀၂၁၂၄၁၊ မို့မို့ခမ်း ဖုန်း–၀၉–၅၀၀–၁၉၁၁၊ ရဲမျိုးသွင် ဖုန်း–၀၉–၅၁–၂၂၁၆၈၊ စိုးသိန်းထွဋ် ဖုန်း–၀၉–၂၀–၄၄၀၃၅၊ ကေခိုင်လင်း ဖုန်း– ၀၉–၅၁–၂၇၂၁၅၊ ချိုလေးလွင်ဖုန်း–၂၄၀၄၈၃၊မောင်မောင်မိုးအောင် ဖုန်း–၀၉–၅၁–၃၃၄၄၁၊ ဇော်မင်းဦး ဖုန်း–၀၉–၅၀၀–၂၅၇၁၊ ဝင်းစန္ဒာကြီး ဖုန်း–၃၇၅၅၂၆၊ အောင်သူထွန်း ဖုန်း–၀၉–၅၁–၃၂၈၅၁၊ နီလာရဲမြင့် ဖုန်း– ၀၉–၉၉–၂၄၄၃၁ နှင့် သာစိုး ဖုန်း– ၀၉–၅၁–၄၀၂၁၀ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

**(က–ပ)**

## ကျေးဇူးဆပ်ရန်

ကျွန်တော် သာဇံမောင်၏ နိုင်ငံကူး လက်မှတ် အမှတ်-၁၁၃၇၉၀ သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။ **ဖုန်း-၀၅၆-၂၁၄၂၁။**

## ကျေးဇူးဆပ်ပါမည်

ကျွန်တော်များ Nay Brothers Trading Co., Ltd. ၏ ထသက လုပ်ငန်း လိုင်စင် ၁၂၄၇၆ ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၅၄၃၁၅၀။**

## တယ်လီဖုန်းနံပါတ်ပြောင်းလဲခြင်း

Myanmar Baking Training Centre (MBTC) မုန့်အလှဆင် နည်းပညာနှင့် မုန့်ဖုတ်နည်းပညာသင်တန်းကျောင်း၏ ဆက်သွယ်ရန် ဖုန်းနံပါတ်များမှာ အောက်ပါအတိုင်း ပြောင်းလဲသွားပြီဖြစ်ကြောင်း ကြေညာအသိပေးအပ်ပါသည်။

**ယခင် ဖုန်း-၅၆၀၅၈၀ --- ယခု ဖုန်း-၅၇၃၈၁၈၊**
**ယခင် ဖုန်း-၅၆၁၀၅၈ --- ယခု ဖုန်း-၅၇၃၈၃၈၊**
**ယခင် ဖုန်း-၅၆၁၃၀၈ --- ယခု ဖုန်း-၅၇၃၈၅၂။**

## မုန့်အလှဆင်နှင့် မုန့်ဖုတ်နည်းပညာ သင်တန်းကျောင်း မိတ်ဆက်ပွဲ

Sheng Da Development Ltd. ၏ 2007 မုန့်ကုန်ကြမ်းပစ္စည်းအသစ်ဖြင့် မုန့်ဖုတ်နည်းပညာ ရှင်းလင်းပြသပွဲနှင့် Myanmar Baking Training Centre (MBTC) မုန့်အလှဆင်နှင့် မုန့်ဖုတ်နည်းပညာသင်တန်းကျောင်း ဖွင့်ရခြင်း ရည်ရွယ်ချက်နှင့် အကျိုးသက်ရောက်မှုများအား မိတ်ဆက်ပွဲ ကျင်းပမည်ဖြစ်ပါ၍ မည်သူမဆို အခမဲ့တက်ရောက်လေ့လာနိုင်ပါသည်။

**ကျင်းပမည့် နေ့ရက်** – **၁၈-၃-၂၀၀၇ရက် (တနင်္ဂနွေနေ့)**
**ကျင်းပမည့် အချိန်** – **ညနေ ၄နာရီ မှ ၆နာရီ အထိ**
**ကျင်းပမည့် နေရာ** – **အမှတ် ၁၆၆၊ လေးထောင့်ကန်လမ်း၊ တာမွေမြို့နယ်၊ ဖုန်း-၅၇၃၈၁၈၊ ၅၇၃၈၃၈၊ ၅၇၃၈၅၂။**






## အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သား မောင်နိုင်မိုးလတ် ၁၂/ဥကတ(နိုင်)၁၅၈၈၉၃ သည် မိဘတို့အား စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်ပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဖခင် ဦးစိုးမြင့် ၁၂/ဥကတ(နိုင်)၀၆၇၂၉၄၊**
**မိခင် ဒေါ်မြသန်း ၁၂/ဥကတ(နိုင်)၀၂၁၅၀၄။**


## ပြည်ပအလုပ်အကိုင်ကြော်ငြာ

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားသော **ဆန်းသော်တာကုမ္ပဏီ** ၏စီစဉ်ဆောင်ရွက်မှုဖြင့် **ဂျပန်နိုင်ငံ** တွင် ဂဟေလုပ်ငန်း၊ သစ်အခြေခံလုပ်ငန်းတို့တွင် သင်တန်းသား လုပ်သားအဖြစ် တာဝန်ထမ်းဆောင်ရန် မြန်မာနိုင်ငံသား(အမျိုးသား)များ အလိုရှိပါသည်။

၁။ သင်တန်းသား – (၄၀)
အခြေခံလစာ – ယန်း ၈၀၀၀၀
ဝန်ဆောင်ခ – အမေရိကန်ဒေါ်လာ ၁၀၀၀နှင့်ညီမျှသော မြန်မာကျပ်ငွေ

၂။ လျှောက်လွှာများကို အမှတ် ၁၂၂၊ ပထမထပ်(ဝဲ)၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့တွင် ၆-၄-၂၀၀၇ရက် နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ အသေးစိတ် အချက်အလက်များကို **ဆန်းသော်တာကုမ္ပဏီလီမိတက် အမှတ် ၁၂၂၊ ပထမထပ်(ဝဲ)၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့**တွင် စုံစမ်းနိုင်ပါသည်။

**မည်သူ့တစ်ဦးတစ်ယောက်ကိုမျှ ကိုယ်စားလှယ်စေလွှတ်ထားခြင်းမရှိပါ။**



**အင်းစိန်မြို့နယ် ပိန္နဲကုန်းရပ်ကွက် ပိတောက်ရိပ်သာလမ်း အမှတ် ၉၉ နေ ဦးအေးသိန်း-ဒေါ်မြသန်း မိသားစုက အင်းစိန်မြို့နယ် သံဃာ့ဆေးရုံ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် တစ်သိန်းငါးသောင်းကိုလှူဒါန်းရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေလက်ခံယူစဉ်။**(က-ပ)

## မီးလောင်မှုသတင်း

**ရန်ကုန် မတ် ၁၅**

မကွေးတိုင်း ပခုက္ကူမြို့နယ် ရှားပင်ကျေးရွာအုပ်စု နန်းပင်ကျေးရွာ၌ မတ် ၁၄ရက် ည ၉နာရီခန့်တွင် မီးဖိုမီးမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ အိမ်ခုနစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး လူ ၃၇ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြောင်း၊ ပဲခူးတိုင်း အုတ်ဖိုမြို့ ကျောက်တန်းကြီးရပ်ကွက် ကျောင်းကြီးတန်းလမ်း၌ မတ် ၁၄ရက် နံနက် ၄နာရီခန့်တွင် မီးဖိုမီးမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ အိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ စစ်ကိုင်းတိုင်း မုံရွာမြို့နယ် ရတနာပုံရပ်ကွက် သပြေလမ်းတွင် ဖယောင်းတိုင်မီးမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားရာ အိမ်နှစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး လူကိုးဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**မီးဘေးရှောင် မလောင်ခင်တား**

## မြန်မာ့ရုပ်မြင်သံကြား

**၁၃၆၈ခုနှစ်၊**
**တပေါင်းလပြည့်ကျော် ၁၄ ရက်**
**(အဖိတ်နေ့)**
**၁၆-၃-၂၀၀၇ရက်(သောကြာနေ့)**
**နံနက်ပိုင်း**

၇း၀၀ ၁။ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၀ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈း၀၀ ၆။ အကပြိုင်ပွဲ
၈း၀၅ ၇။ ကြေးမုံရိပ်သွင်တေးနယဉ်
၈း၁၅ ၈။ (၆၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ English for Everyday Use
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၁၆း၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (သမိုင်းအထူးပြု)[သမိုင်း]
၁၆း၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇း၀၀ ၅။ မြန်မာစာ မြန်မာစကား
၁၇း၁၅ ၆။ နှောင်းခေတ်တေးပဒေသာ
၁၇း၃၀ ၇။ **"နောက်မကျရအောင်"** မင်းသူ၊ ကျော်ထူး၊ မိုးပြည့်ပြည့်မောင်၊ ဒေါ်အေးအေးမြင့် (ဒါရိုက်တာ-ကြည်စိုး)
၁၇း၄၅ ၈။ တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်း ပြိုင်ပွဲ ဆုရတေးများ (၂၀၀၅ခုနှစ်)
၁၈း၀၀ ၉။ ညနေခင်းသတင်း
၁၈း၃၀ ၁၀။ မိုးလေဝသအခြေအနေ
၁၈း၃၅ ၁၁။ သုတစုံလင်ရွှေဉာဏ်ရှင်
၁၉း၀၅ ၁၂။ ချင်းပြည်နယ်ရဲ့ အလှတစ်ပါး ဗားရ်တံတား
၁၉း၁၅ ၁၃။ မှုဟန်သွယ်သွယ်ဆိုကြမယ်
၁၉း၃၀ ၁၄။ ကလေးများအတွက် ဝိုင်းဝန်းလို့ ဝက်သက်ရောဂါ တိုက်ဖျက်စို့
၁၉း၄၅ ၁၅။ (၆၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၂၀း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အကြင်နာနွေဦး"** (အပိုင်း-၂၁)
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

## ဆရာဝန်အသင်း ဗဟိုဦးစီးအဖွဲ့ အထူးအစည်းအဝေးကျင်းပမည်

**ရန်ကုန် မတ် ၁၅**

မြန်မာနိုင်ငံဆရာဝန်အသင်း ဗဟို ဦးစီးအဖွဲ့၏ ၂၀၀၇ ခုနှစ် အထူး အစည်းအဝေးကို မတ် ၃၁ ရက် နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း အစည်းအဝေးခန်းမ၌ကျင်းပမည်ဖြစ်ရာ တိုင်းနှင့်ပြည်နယ်များမှ ဗဟိုဦးစီးအဖွဲ့ဝင်များ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားသည်။ **(သတင်းစဉ်)**

## တရားမဝင်ဆင်ဆာမဲ့ဗွီစီဒီခွေများသိမ်းဆည်းရမိ

**ရန်ကုန် မတ် ၁၅**

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ယုဇနပလာဇာ၌ မတ် ၁၃ရက်တွင်တရားမဝင်ဆင်ဆာမဲ့ ဗွီစီဒီအခွေများ သိမ်းဆည်းရမိပြီး အခွေရောင်းချသူအား အမှုဖွင့် အရေးယူထားကြောင်းသိရသည်။

မတ်၁၃ရက် နံနက်၁၀နာရီခွဲခန့်တွင် မင်္ဂလာတောင်ညွန့်မြို့နယ် ဗီဒီယိုအခြေခံ အဖွဲ့ဝင်များ၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းမှ တပ်ဖွဲ့ဝင်များသည်ယုဇနပလာဇာ မြေညီထပ်ရှိ ဆိုင်အမှတ် (အမ်-၁၂)၌ ဆင်ဆာမဲ့ နိုင်ငံခြားဇာတ်လမ်း၊ကာရာအိုကေ မြန်မာသီချင်းခိုးကူးခွေများနှင့်ညစ်ညမ်းဗွီစီဒီခွေ စုစုပေါင်း ၅၈၆၀ကို သိမ်းဆည်းရမိခဲ့ကြောင်း၊ဆိုင်ရှင် သူရအောင်အား မင်္ဂလာတောင်ညွန့်ရဲစခန်း၌ အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဒို့ကျေးရွာဂျာနယ် အတွဲ(၄)၊ အမှတ်(၆) ထွက်ပြီ

**ရန်ကုန် မတ် ၁၅**

မိန်ရာသီပူပြင်းလှသော တပေါင်းလမှ မြန်မာတို့၏နှစ်သစ်ကူး သင်္ကြန်လဆန်းသို့ ကူးပြောင်းဝင်ရောက်ချိန်တွင် ကျေးလက်ပြည်သူများအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတ၊ ရသ၊ ဗဟုသုတအဖြာဖြာတို့ကို ဖော်ပြပေးလျက်ရှိသည့် ဒို့ကျေးရွာဂျာနယ် အတွဲ(၄)၊ အမှတ်(၆) အား ထုတ်ဝေလိုက်သည်။ **(ဝဲပုံ)**

ယခုတစ်ပတ် ဒို့ကျေးရွာဂျာနယ်တွင် ဒို့ကျေးရွာဝင်ငွေတိုးစေဖို့ မိုးကြို သီးနှံများ စိုက်ကြစို့၊ လူတကာချစ်တဲ့ဧရာ(၁)၊ တစ်ရွာလုံးပန်းအဓိက စိုက်ပျိုးခြင်းဖြင့် ပြည်ပဝင်ငွေပါရှာနိုင်၊ စီးပွားဖြစ်သဘော်ပင် စိုက်ပျိုးခြင်း၊ ဈေးကွက်ဝင်သည့် သီဟိုဠ်သရက်၊ ရေနက်ကွင်းနှင့် တစ်နွေနှစ်သီး စသည့် စိုက်ပျိုးရေးရာ ဆောင်းပါးများ၊ လေ့ကျင့်ပေးမှ နွားကောင်းရ၊ ဆိတ်များရောဂါအန္တရာယ် ကာကွယ်ဆေး၊ ငါးမန်းများအကြောင်း သိကောင်းစရာ စသည့် မွေးမြူရေးဆိုင်ရာဆောင်းပါးများ၊ ဒို့ကျေးရွာသားလေးများကစားကြရာဝယ်၊ မှိုနတိုမှန်မှန်စားပါ၊ ရေသန့်သန့်ကို သုံးကြစို့၊ မွေးမြူရေးရာ ဖြေကြားလွှာ၊ အသက်ကယ်ပွဲ၊ သွားကျန်းမာရေးစသည့် ကဏ္ဍပေါင်းစုံ ဖတ်ဖွယ်မှတ်ဖွယ် ဗဟုသုတဖြစ်ဖွယ်ရာ သတင်း၊ ဝတ္ထုတို၊ ပုံပြင်၊ ကဗျာ၊ ကာတွန်းများဖြင့် သုတ၊ ရသစုံလင်စွာ ဖော်ပြထားပါသည်။

ဒို့ကျေးရွာဂျာနယ်အား အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများ၌ ဝယ်ယူရရှိနိုင်ပါသည်။ ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့် ကြော်ငြာများကို အမှတ် ၂၂/၂၄ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ ဖုန်း-၃၇၁၃၄၀၊ ၃၇၁၃၄၂သို့ ဆက်သွယ်ပေးပို့နိုင်သည်။ **(သတင်းစဉ်)**

## သတိပေးနှိုးဆော်ချက်

ပထမအကြိမ် ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ် လှုပ်ရှားမှုအား ၂၀၀၇ခုနှစ် ဧပြီလ ၂၃ရက်မှ ၂၉ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ ရန်ကုန်တိုင်းတွင် အဆိုပါကာလအတွင်း ယာဉ်မတော်တဆမှုမဖြစ်စေရေး ရက်သတ္တပတ်အဖြစ် သတ်မှတ်ထားရှိသဖြင့် ၎င်းရက်သတ္တပတ်ကာလတွင်း ယာဉ်မတော်တဆမှုမဖြစ်စေရေး မော်တော်ယာဉ်များက ဂရုစိုက်မောင်းနှင်ကြပါရန်နှင့် ယာဉ်မတော်တဆမှုဖြစ်ပွားပါက ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။**

## ပျိုးပင်များ ပျိုးထောင်စိုက်ပျိုး

**မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်သည် ဖေဖော်ဝါရီ ၂၂ ရက်က ပေါင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပျိုးဥယျာဉ်အတွင်း ပျိုးပင်များ ပျိုးထောင်စိုက်ပျိုးထားမှု အခြေအနေကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်လှနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအေးမင်းတို့က ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

# မွန်ပြည်နယ် ဆန်လှူအသင်း ဆွမ်းဆန်တော်လောင်းလှူမည်

**မော်လမြိုင် မတ် ၉**

မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မွန်ပြည်နယ် ဆန်လှူအသင်းက ဆောင်ရွက်သော နှစ်စဉ်ကျင်းပမြဲဖြစ်သည့် (၂၅)ကြိမ်မြောက် ပရိယတ္တိစာသင်ကျောင်းများရှိ ဂိုဏ်းပေါင်းစုံ သံဃာတော်များနှင့်သီလရှင်များအား ပူဇော်ပွဲနှင့် မော်လမြိုင်မြို့နယ် လေးလပတ် ဆွမ်းဆန်တော်လှူပွဲကို ဧပြီ ၂၂ရက်နှင့် ၂၈ရက်တို့တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်းရှိ ဖန်လ်ယဉ်မွှာရုံတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဆွမ်းဆန်တော် လောင်းလှူပွဲတွင် မွန်ပြည်နယ် ၁၀မြို့နယ်မှ ဂိုဏ်းပေါင်းစုံ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နာယက ဆရာတော်များ၊ မွန်ပြည်နယ် ၁၀မြို့နယ် စာသင်တိုက်များ၊ မော်လမြိုင်မြို့နယ်ရှိ သံဃာတော်များနှင့်သီလရှင်များ စုစုပေါင်း၇၄၂၅ပါးတို့အား ဆွမ်းဆန်တော်များ လောင်းလှူကြမည် ဖြစ်သည်။

အဆိုပါ ဆွမ်းဆန်တော် လောင်းလှူပွဲတွင် ပါဝင်လှူဒါန်းလိုသူများသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး မွန်ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်း ဖုန်း- ၀၅၇-၂၄၃၇၀နှင့် မွန်ပြည် နယ်ဆန်လှူအသင်းဥက္ကဋ္ဌ ဦးဝင်းရွှေ ဖုန်း-၀၅၇-၂၁၈၉၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၆၈)**

**ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးရန်နိုင်နှင့်အဖွဲ့ ဖေဖော်ဝါရီ ၁၃ ရက်က ကွတ်ခိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် လုပ်ငန်းသုံး မော်တော်ယာဉ်များ ကြံ့ခိုင်ရေးဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးညွှန့်ဝေနှင့် တာဝန်ခံ အင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

# ပျိုးရွယ်သူများ မျိုးဆက်ပွား ကျန်းမာရေးဆင့်ပွားသင်တန်းဖွင့်

ပလောက် ဖေဖော်ဝါရီ ၂၈

**မြိတ်ခရိုင် ပလောက်မြို့ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သော ပျိုးရွယ်သူများ မျိုးဆက်ပွား ကျန်းမာရေးဆင့်ပွားသင်တန်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၇ ရက်က ပလောက်မြို့ ပြည်သူ့ဆေးရုံ၌ ကျင်းပသည်။**

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးအောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဆွေမြင့်နှင့် အသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပလောက်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဌေးအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာပြုံးချိုက မျိုးဆက်ပွား သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

သင်တန်းသို့ သင်တန်းသားသင်တန်းသူ ၄၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ နှစ်ရက်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

**နှစ် (၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် အမျိုးသား၊ အမျိုးသမီး မိုက္ကရို မာရသွန်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က မအူပင်မြို့ လွတ်လပ်ရေး ကျောက်တိုင်ရှေ့တွင် ကျင်းပရာ ဆုရရှိသူများကို မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဌေးဝင်းက ဆုများချီးမြှင့်စဉ်။** (၄၂၁)

**ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှု၊ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း၏ ဦးဆောင်မှုဖြင့် တလိုင်းခင်ကျေးရွာရှိ တောင်သူကြီး ဦးသိန်းထွန်း၏ ၂၀၀၆-၂၀၀၇ ခုနှစ် နွေစပါးစိုက်ခင်းတွင် ပေါင်းလိုက်၊ သမန်းနိုး၊ မြေဩဇာကြဲပက်ခြင်းကို ဖေဖော်ဝါရီ ၂၄ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဆွေမြင့်၊ မြန်မာ့ စိုက်ပျိုးရေးမန်နေဂျာ ဦးစောစိန်ဝင်းနှင့် မြို့နယ်စိုက်/ညှိအဖွဲ့များ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ် ပြန်/ဆက်)

## မီးဘေးရှောင် မလောင်ခင်တား

## ဖားကန့်မြို့ အမှတ်(၃)လမ်းမ လမ်းပေါက်များဖောက်

**ဖားကန့် မတ် ၃**

ဖားကန့်မြို့နေ ပြည်သူများ သွားလာမှုလွယ်ကူစေရေးအတွက် အမှတ်(၃) လမ်းမကြီးတစ်လျှောက် လမ်းပေါက်ဖာထေးခြင်းလုပ်ငန်းကို လက်ထောက်အင်ဂျင်နီယာ ဦးဇင်မင်းထွန်း ဦးဆောင်သော မြို့နယ်စည်ပင် သာယာရေးအဖွဲ့ ဝန်ထမ်းများ ဆောင်ရွက်မှုကို ဖေဖော်ဝါရီ ၂၆ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်အောင် ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

# အခြေခံစစ်ပညာ မီးသတ်သင်တန်းဖွင့်

**ဝက်လက် ဖေဖော်ဝါရီ ၁၉**

အခြေခံစစ်ပညာနှင့် မီးသတ်သင်တန်း(လက်နက်ပါ) သင်တန်း (၁/၂၀၀၇) ဖွင့်ပွဲကို ဇန်နဝါရီ ၃၀ ရက်က စစ်ကိုင်းတိုင်း ဝက်လက်မြို့နယ် ဘူတာကွင်း၌ ကျင်းပရာ အမှတ် (၁၊၂၊၃) ရပ်ကွက်မှ အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

သင်တန်းတွင် သင်တန်းသား ၃၀အား သင်တန်းဆရာများက အခြေခံစစ်ပညာနှင့် မီးသတ်လုပ်ငန်းများကို စာတွေ့၊ လက်တွေ့ နှစ်ပတ်ပို့ချသင်ကြားပေးခဲ့ကြောင်း သိရသည်။ (၂၃၀)

**တာမွေမြို့နယ် ကျောက်မြောင်းကြီးရပ်ကွက် အမှတ်(၆) အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၀၆-၂၀၀၇ပညာသင်နှစ် စာပေဘာသာရပ် ဘက်စုံထူးချွန်ဆုပေးပွဲအခမ်းအနားကို မတ် ၁၀ရက်က ကျင်းပရာ စံပြကျောင်းသားဆုရ မောင်ဟိန်းဝေယံဝင်းနှင့် စံပြကျောင်းသူဆုရ မသုသုရွှေရည်တို့အား ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးမေက ဆုချီးမြှင့်စဉ်။** (ပညာရေး)

# ရာစုမှူးများ တာဝန်ပေးအပ်ပွဲနှင့် အသင်းဝင်များတွေ့ဆုံ ပညာအလင်းသစ်စာကြည့်တိုက်သို့ စာအုပ်မျိုးစုံလှူဒါန်း

**လယ်ဝေး မတ် ၅**

ပျဉ်းမနားခရိုင် ပျဉ်းမနားမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ရာစုမှူးများ တာဝန်ပေးအပ်ပွဲနှင့် အသင်းဝင်များနှင့် တွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၁၁ ရက် မွန်းလွဲ ၂ နာရီက ငကောင်းကံကျေးရွာအုပ်စု ဓိကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ကျင်းပရာ ခရိုင်အသင်းတွဲဖက်အတွင်းရေးမှူး ဦးဇော်တင့်နှင့် အလုပ်အမှုဆောင်များ၊ မြို့နယ်အသင်းအတွင်းရေးမှူး ဦးမြင့်ကျော်နှင့် အလုပ်အမှုဆောင်များ၊ ကျေးရွာအုပ်စု အသင်းစည်းရုံးရေးမှူး ဦးလှမြင့်နှင့် အသင်းဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ငကောင်းကံကျေးရွာအုပ်စု အဖွဲ့ဝင် ဦးဌေးလှိုင်နှင့် ခရိုင်အသင်းတွဲဖက်အတွင်းရေးမှူး ဦးဇော်တင့်တို့က အမှာစကားပြောကြားကြပြီး မြို့နယ်အသင်းအတွင်းရေးမှူး ဦးမြင့်ကျော်က အသင်းကြီးမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ မြို့နယ်အသင်း တွဲဖက်အတွင်းရေးမှူး ဦးအောင်ခင်က စည်းရုံးရေးဆိုင်ရာ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် မြို့နယ်အလုပ်အမှုဆောင်နယ်မြေတာဝန်ခံ ဦးကျော်သက်ဦးက ရာစုမှူးများအား တာဝန်ပေးအပ်လွှာများပေးအပ်ပြီး ကျေးရွာအုပ်စုအသင်း စည်းရုံးရေးမှူးဦးလှမြင့်က အသင်းလုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များကို တင်ပြဆွေးနွေးသည်။

ဆက်လက်၍ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးခင်မောင်ထွန်းက ပညာအလင်းသစ် စာကြည့်တိုက်သို့ စာအုပ်စာစောင်နှင့်ဂျာနယ်မျိုးစုံတို့ကို ပေးအပ်လှူဒါန်းသည်။ **(စာပေနှင့် စာနယ်ဇင်း)**

**မိတ္ထီလာမြို့တွင်း ရေဆိုးမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် အမှုဆောင်အရာရှိ ဦးခင်မောင်ချို ကြီးကြပ်မှုဖြင့် ဇန်နဝါရီ ၂၂ ရက်က စုပေါင်း၍ ကားဝန်းထိပ် ရေဆိုးမြောင်း ပိတ်ဆို့မှုရှိမရှိကို ဒုတိယဦးစီးမှူး (သန့်) ဦးအောင်စိုးနှင့်အဖွဲ့ ဝန်ထမ်းများ စစ်ဆေးကြစဉ်။** (မြို့နယ်စည်ပင်)

# ဗန်းမောက်မြို့၌ ကလေးပြိုင်ပွဲ ဆုချီးမြှင့်

**ဗန်းမောက် ဖေဖော်ဝါရီ ၂၀**

ဗန်းမောက်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၁၀ နာရီကမိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဝေဝေလွင်က ပြိုင်ပွဲဆုရွေးချယ်ရေးနှင့် ပတ်သက်၍ သတ်မှတ်ချက် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကလေးများအား ဆုများပေးအပ်ရာ မွေးကင်းစမှ သုံးလအထိ၊ သုံးလမှ ခြောက်လအထိ၊ ခြောက်လမှ ၁၂လအထိ၊ ၁၂လမှ ၁၈လအထိ၊ ၁၈လမှ ၂၄လအထိ အဆင့်ငါးဆင့်ခွဲ၍ ပထမ၊ ဒုတိယ၊ တတိယဆုရ ကလေး ၁၅ ဦးနှင့် အထွေထွေမှ ပထမ၊ ဒုတိယဆုရကလေး ၁၂ဦးအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ **(မြို့နယ်ပြန်/ဆက်)**

16-3 (15) 1 3/16/07, 1:51 PM



**မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ည/၂၇၇၉ မာဇဒါ ပေါ်တာကတ်၊ ပစ်ကပ်ယာဉ်လက်ဝယ်ရှိသူ ဆရာတော်ဦးသောဘန ၉/ဝထန(သ)၀၀၀၇၄၂ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊မော်လမြိုင်မြို့။**

**အမည်ပြောင်း**

အဖဦးခင်မောင်အေး၏သမီး မြန်အောင်မြို့ အမှတ်(၂)ကြာနီကန်လမ်းနေ မဇင်ဆွေခက် ၁၄/မအန(နိုင်) ၁၁၇၃၄၈အား မဇင်ငွေထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မဇင်ငွေထက်။**

## ချိပ်ပိတ်တင်ဒါ ခေါ်ယူ ခြင်း

၁။ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းစက်ရုံမှ တာဝန်ယူတည်ဆောက်လျက်ရှိသော မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ တိုးချဲ့စီမံကိန်းနှင့် ပခုက္ကူအထည်ချုပ်စက်ရုံ စီမံကိန်းများအတွက် အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုကြောင်း ကြေညာအပ်ပါသည်–

| | | | |
|---|---|---|---|
| ၁။ | Dual Platen Steel Door | 28 | Nos |
| ၂။ | B Class Fire-Proof Door | 2 | Nos |
| ၃။ | Dual Platen Steel Door | 10 | Nos |
| ၄။ | Dual Platen Steel Door | 28 | Nos |
| ၅။ | B Class Fire-Proof Door | 1 | No |
| ၆။ | Colour Crete (green) | 11000 | Lbs |
| ၇။ | Oil Paint (I.C.I) | 134 | gal |
| ၈။ | Oil Paint (U.P.G) | 129 | gal |
| ၉။ | Granite Marble(2' x 2') 5/8" thk; | 750 | sht |
| ၁၀။ | Hydraulic Door Closer (Thailand) | 127 | Nos |
| ၁၁။ | Operator Chair | 100 | Nos |

၂။ တင်ဒါပိတ်ရက်မှာ (၂၆–၃–၂၀၀၇)ရက်ဖြစ်ပြီး အသေးစိတ်သိလိုပါက ရောင်းဝယ်ရေးဌာန ဖုန်းနံပါတ် ၀၁–၅၆၀၆၈၇၊ ၀၆၇–၄၀၈၃၄၀ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ **မြန်မာ့အထွေထွေနှင့်ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း။**

**အိန္ဒိယ နိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ် မဟာရှိ ဗုဒ္ဓဂယာ မြန်မာ ကျောင်း (မူ လ ကျောင်း ဟောင်း)အနောက်ဘက် တိုးချဲ့မြေ နှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန် အတွက် ရန်ကုန်မြို့ ကျောက်မြောင်း တာမွေမြို့နယ် ဗညားဒလလမ်း အမှတ်(၂၈၆)နေ ဦးစိုးရ–ဒေါ်သီတာမိသားစုက အလှူတော်ငွေကျပ်တစ်သိန်းရှစ်ထောင်ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့်(ဂမုန်းပွင့်ဘေးလမ်း)အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း ပဓာနနာယကဦးဆောင်နာယက ဩဝါဒါစရိယ ဗုဒ္ဓဂယာဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ (အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ) အိန္ဒိယနိုင်ငံ ပရဒေသီသံဃနာယကအဖွဲ့ဥက္ကဋ္ဌထံ ဆက်ကပ်လှူဒါန်းစဉ်။** (က–ပ)

**ဖေဖော်ဝါရီ ၂၆ ရက်က ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေး အဖွဲ့ပိုင်သဲတောဈေးအတွင်း ဈေးသန့်ရှင်းသပ်ရပ်ရေး၊ ဈေးအင်္ဂါရပ်များနှင့် ညီညွတ်ပြည့်စုံစေရေး ဆောင်ရွက်မှုများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောထွန်းစိန်နှင့်ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြစဉ်။**
(မြို့နယ်စည်ပင်)

## ၁၀၆ ကြိမ်မြောက်သွေးလှူဒါန်း

**ရန်ကုန် မတ် ၁၅**

(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး (၃)သုဓမ္မဇာဏိဇောတဓရ ဦးစိုးရှိန်(မောင်စိုးထိုက်–သုံးဆယ်) စာပေဆုများနှင့် (လူမှုထူးချွန်ပထမဆင့်)ဆုရှင်**(အပေါ်ပုံ)**သည် အမှတ်(၂)တပ်မတော်ဆေးရုံကြီးတွင် မတ် ၁ ရက်က ၁၀၆ ကြိမ်မြောက်သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က–ပ)**

## ပြင်ဦးလွင်ခရိုင် မိခင်နှင့်ကလေး ကြီးကြပ်ရေးအဖွဲ့ ကြီးမှူး အရန်သားဖွားဆရာမသင်တန်းဆင်း၊ ဆုရသူများဆုချီးမြှင့်

မန္တလေး မတ် ၅

**ပြင်ဦးလွင်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးဖွင့်လှစ်သော အရန်သားဖွားဆရာမသင်တန်းဆင်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၉ နာရီက ပြင်ဦးလွင်မြို့ ခုတင်(၂၀၀)ဆံ့ဆေးရုံ၌ကျင်းပသည်။**

အခမ်းအနားသို့ မန္တလေးတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအသင်းဥက္ကဋ္ဌနှင့် အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းကသင်တန်းဆင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြင်ဦးလွင်ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူး ဒေါက်တာခင်စောဝင်းက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယရရှိသူများကို ဆုများချီးမြှင့်ပေးအပ်သည်။ **(အပေါ်ပုံ)**

ထို့နောက် မြို့တော်ဝန်၏ဇနီး ဒေါ်မိုးသီတာ၊ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါက်တာခင်မေသစ်နှင့် ဆေးရုံအုပ်ကြီး ဒေါက်တာခင်စောဝင်းတို့က အရန်သားဖွား Kit များ ပေးအပ်ပြီး သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **(က–ပ)**

## ထိန်ပင်ရေကန် ပြုပြင်မွမ်းမံထိန်းသိမ်း

**ကျောက်ပန်းတောင်း မတ် ၃**

ကျောက်ပန်းတောင်းမြို့ မြို့မရပ်ရှိ ရှေးဟောင်းထိန်ပင်ရေကန်ကြီး ပြုပြင်မွမ်းမံထိန်းသိမ်းရန် သဲသယ်မြေဖို့တာပေါင် ပြုလုပ်ပွဲကို ဖေဖော်ဝါရီ ၂၅ ရက်က ကျင်းပသည်။

လုပ်အားပေးပွဲသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်သန်းထွန်းနှင့် တပ်ရင်းမှူးများ၊ မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းဌေး၊ မြို့နယ်အသင်း အတွင်းရေးမှူး ဦးတိုင်းအေး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ချစ်စိန်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဌေးဝင်းတို့ တက်ရောက် အားပေးကြသည်။

**သိုလှောင်**

အဆိုပါ ထိန်ပင်ရေကန်ကြီးမှာ မြို့နေရပ်ကွက်ပြည်သူများနှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာတောင်သူများ ခိုမှီအားထားရသော သောက်သုံးရေကန်ကြီးဖြစ်ပြီး ရေဂါလန်ပေါင်း ၁၀ သန်း သိုလှောင်နိုင်သည်။ **(ဝ၆၁)**

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ပုသိမ်ခရိုင် ငရုတ်ကောင်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၁၅**

ဧရာဝတီတိုင်း ငွေဆောင်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၁၃ ရက် နံနက်ပိုင်းတွင် ငွေဆောင်မြို့မှ ရှောက်ချောင်း၊ ဆင်မနှင့် သဲဖြူကျေးရွာအုပ်စုများအတွင်းရှိ ကျေးရွာများ၊ တံတားများနှင့် လမ်းပိုင်းအခြေအနေတို့ကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

*စာမျက်နှာ ၈ ကော်လံ ၃* ✻

## ထောက်ပံ့ငွေ ပေးအပ်

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း ငရုတ်ကောင်းမြို့ ပြည်သူ့ဆေးရုံရှိ ခွဲစိတ်ခန်း မွမ်းမံပြင်ဆင်နိုင်ရန် ထောက်ပံ့ငွေများကို တာဝန်ခံဆရာဝန်ထံ ပေးအပ်စဉ်။** (သတင်းစဉ်)

## နေပြည်တော် မိုးလေဝသအခြေအနေ

နေပြည်တော် နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

# စိုက်ပျိုးရေးလုပ်ငန်းများတွင် ပန်းတိုင်အထွက်နှုန်းရရှိရေး လက်တွေ့ကျကျ အကောင်အထည်ဖော် ဒေသဖွံ့ဖြိုးရေးအတွက် ဒေသခံပြည်သူများနှင့် တိုင်ပင်ပူးပေါင်းဆောင်ရွက်

**နေပြည်တော် မတ် ၁၅**

တနင်္သာရီတိုင်း ထားဝယ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတို့မှ တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၁၃ ရက် နံနက်ပိုင်းတွင် ထားဝယ်မြို့ မြို့တော်ခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံပြီး အမှာစကားပြောကြားသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ■

# NLD ပါတီသည် ပြည်ပနိုင်ငံကြီး နှစ်နိုင်ငံကို အထူးအားကိုးပြီး နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံးကို အန္တရာယ်ကျအောင် ကြံစည်လုပ်ဆောင်နေ ပါတီကိုအကြောင်းပြု၍ နိုင်ငံတကာမှဆုကြေးများရယူပြီး စီးပွားရှာနေသည့် ကိုယ်ကျိုးရှာသမားများက ပါတီအတွင်းနေရာရရှိရေး ကြိုးစားနေ ပါတီအကျိုး၊ ပြည်သူအကျိုးကို မည်မည်ရရ ပါဝင်ဆောင်ရွက်ခြင်းမရှိသဖြင့် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ်မှ ပါတီဝင်နှစ်ဦး နုတ်ထွက်

**ရန်ကုန် မတ် ၁၅**

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စည်းရုံးရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြမောင်နှင့် ဘဏ္ဍာရေးမှူး ဒေါ်စန်းမြင့်တို့ နှစ်ဦးသည် မတ် ၁၂ ရက်တွင် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်လွှာရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

လှိုင်သာယာမြို့နယ် ပါတီစုံအထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် လက်ရှိအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီ၏ နိုင်ငံရေးဆောင်ရွက်နေမှုများသည် ပြည်ပနိုင်ငံကြီး နှစ်နိုင်ငံကို အထူးအားကိုးအားထားပြုပြီး နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံးကို အန္တရာယ်အတွင်းကျအောင် ကြံစည်လုပ်ဆောင်နေသည်ကို တွေ့မြင်လာရကြောင်း၊ ပါတီကို အကြောင်းပြု၍ နိုင်ငံတကာမှ ဆုကြေးများရယူကာ စီးပွားရှာနေသည့် ကိုယ်ကျိုးရှာနေသူများက ပါတီအတွင်း၌ နေရာရရှိရေး ကြိုးစားနေသည်ကို တွေ့မြင်ရပြီး ပါတီခေါင်းဆောင်ပိုင်းကလည်း အဆိုပါအချောင်သမားများကို ရှေ့တန်းတင် နေရာပေးကာ မိမိတို့၏စီးပွားရေးကို အပျက်ခံ၍ အခြေခံကျကျ လှုပ်ရှားနေရသူများကိုမူ ပစ်ပယ်ထားသည်ကို တွေ့မြင်ရကြောင်း၊ သို့အတွက် ပါတီခေါင်းဆောင်များအပေါ် အယုံအကြည် မရှိတော့ကြောင်း။

NLDပါတီအနေဖြင့် နိုင်ငံတော်က ဆောင်ရွက်နေသည့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဝိုင်းဝန်းအားပေးကူညီမှုမပြုဘဲ ဆီကဲ့သို့ အပေါက်ရှာ၍ ဝေဖန်ပြစ်တင်နေသည့်အပြင် ပါတီအကျိုး၊ ပြည်သူလူထုအကျိုးကို မည်မည်ရရ ပါဝင်ဆောင်ရွက်ခြင်းမရှိသည်ကိုလည်း မျက်ဝါးထင်ထင် တွေ့မြင်နေရကြောင်း။

သို့အတွက် ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်အားထားမှု မရှိတော့သဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီဝင်အဖြစ်မှလည်းကောင်း၊ ပါတီ၏လုပ်ငန်းတာဝန်များမှလည်းကောင်း နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

## မြန်မာ့အလင်း သတင်းဆောင်းပါးအညွှန်း

တစ်ရွာတစ်မျိုး ထုတ်ကုန်တိုးအောင် ဆောင်ရွက်နေသည့် ကညင်ချောင်းကျေးရွာ ဆားလုပ်ငန်း

**သန်းသန်းနု နှင့် တင်မာဝင်း၏ သတင်းဆောင်းပါး (စာ-၁၃)**